မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆၀)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ဂုဏ်ပြုကြိုဆို၊ နှစ်နိုင်ငံအကျိုးကိုရည်သန်၍ တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်



**ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က The Great Hall of the People ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် The Great Hall of the People သို့ ရောက်ရှိလာပြီး နိုင်ငံတော်သမ္မတသည် ဝင်ပေါက်လှေကားနေရာသို့ရောက်ရှိသည်နှင့် တစ်ပြိုင်တည်း လှေကား၏တစ်ဖက်တစ်ချက်စီတွင် ကြိုတင်နေရာယူထားကြသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က

စာမျက်နှာ ၁၆ ကော်လံ ၁ ★

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၁၇ ရက်)

# မြန်မာ-တရုတ် အေးအတူပူအမျှအသိုက်အဝန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၅ ရက်မွန်းလွဲပိုင်းတွင် အာကာသမြို့တော် (Aerospace City) သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ Aerospace City သည် ပေကျင်းမြို့ Haiden district ၏ အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး “Project 921” ဟု မကြာခဏရည်ညွှန်းလေ့ရှိကာ အာကာသယာဉ်မှူးလေ့ကျင့်ရေးအခြေစိုက်စခန်းနှင့် မစ်ရှင်ထိန်းချုပ်ရေးစင်တာတစ်ခုဖြစ်သည်။ အဆိုပါအဆောက်အအုံသည် ပေကျင်းအနောက်မြောက်ပိုင်းရှိ ၂ ဒသမ ၃ စတုရန်းကီလိုမီတာ (ဧက ၅၇၇) ကျယ်ဝန်းသော မြေပေါ်တွင်တည်ရှိသော ကြီးမားသည့် ကျောင်းဝင်းတစ်ခုဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင်စတင်လည်ပတ်ခဲ့ပြီး ပေကျင်းအာကာသထိန်းချုပ်ရေးစင်တာ (Beijing Aerospace Control Centre – BACC)၊ တရုတ်အာကာသနည်းပညာအကယ်ဒမီ (China Academy of Space Technology – CAST)နှင့် တရုတ်အာကာသယာဉ်မှူးစင်တာ (Astronaut Centre of China – ACC) တို့၏အခြေစိုက်ရာနေရာဖြစ်သည်။

Aerospace City အတွင်းရှိ တရုတ်အာကာသသိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်း (CASC) သည် တရုတ်ဗဟိုအစိုးရမှ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော နိုင်ငံတော်ပိုင်အဆင့်မြင့်နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်၍ တရုတ်အာကာသအစီအစဉ်များကို အဓိကဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ကာကွယ်ရေးနှင့် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုများကိုပြုလုပ်ပေးလျက်ရှိသည်။ အာကာသစနစ်များအတွက် ကမ္ဘာ့အဆင့်မီ ကုမ္ပဏီစုစုပေါင်း ၅၀၀ ပေါင်းစည်း၍ သုတေသန၊ ဒီဇိုင်း၊ ထုတ်လုပ်မှု၊ စမ်းသပ်မှုနှင့်ဂြိုဟ်တုလွှတ်တင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ CASC သည် အာကာသပို့ဆောင်ရေးစနစ်အနေဖြင့် တရုတ်အာကာသပျံသန်းမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော ချန်ကျန်း (Changzheng) တာဝေးပစ်ဒုံးယာဉ်များ၏ ဒီဇိုင်းပြုလုပ်ခြင်းနှင့် ထုတ်လုပ်ခြင်း၊ မောင်းနှင်သူလိုက်ပါသော အာကာသယာဉ်ပျံသန်းရေးနှင့် စူးစမ်းလေ့လာရေးလုပ်ငန်းများအနေဖြင့် ထျန်းကုန်း(Tiangong) အာကာသစခန်းတည်ဆောက်ခြင်း၊ ချန်အာ(Chang'e) လသို့ စူးစမ်းလေ့လာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထျန်းဝမ် (Tianwen) မားစ်သို့ စူးစမ်းလေ့လာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဂြိုဟ်တုစနစ်များဖြစ်သည့် ပေသို (BeiDou) ဂြိုဟ်တုစနစ်ပတ်လမ်းကြောင်းအပါအဝင် ကောင်းဖန်း(Gaofen) ကမ္ဘာကိုလေ့လာသောဂြိုဟ်တုနှင့် ဆက်သွယ်ရေးဂြိုဟ်တုများထုတ်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် အာကာသနည်းပညာအသုံးချမှုအနေဖြင့် သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်သစ်၊ အဆင့်မြင့်ထုတ်ကုန်များနှင့် ပတ်ဝန်းကျင်အကာအကွယ်ပေးရေးဆိုင်ရာ အထောက်အကူပြုကိရိယာများထုတ်လုပ်ခြင်းတို့ကို အရပ်ဘက်ကဏ္ဍများအထိ နည်းပညာကျယ်ပြန့်စွာအသုံးချနိုင်ရေးတို့အတွက် အဓိကထားဆောင်ရွက်လျက်ရှိသည်။

မြန်မာ – တရုတ် နှစ်နိုင်ငံနှင့် ပြည်သူများသည် နှစ်နိုင်ငံနိုင်ငံ့ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ဆက်ဆံရေးအထူးကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး အေးအတူပူအမျှ အပြန်အလှန်ဖေးမကူညီကြသော ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုပင်ဖြစ်သည်။ ထို့ကြောင့် အဆိုပါကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံသို့လည်း အာကာသနည်းပညာဆိုင်ရာများဖြန့်ဝေပေးခြင်း၊ အာကာသနည်းပညာဆိုင်ရာ ပညာတော်သင် သင်တန်းသားများခေါ်ယူလေ့ကျင့်သင်ကြားပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သစ်တော၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ပထဝီဆိုင်ရာအချက်အလက်များကို ဂြိုဟ်တုနည်းပညာအသုံးပြု၍ တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ရိုးရာ ရာသီခွင် ၁၂ ပါးရှိပြီး ယခု ၂၀၂၆ ခုနှစ်သည် မြင်းနှစ်ဖြစ်သည်။ မြင်းနှစ်၏ အဓိပ္ပာယ်သည် လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်နှင့်စွမ်းအားအပြည့်ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုများနှင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိပိုင်ဆိုင်ခြင်းဆိုသည့်ကောင်းမွန်သောအဓိပ္ပာယ်များရှိသည်။ ယခုကဲ့သို့ ထူးခြားသည့် ၂၀၂၆ ခုနှစ်အတွင်းတွင် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းပီပီ စိတ်ကောင်းစေတနာအပြည့်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့်တိုးချဲ့သွားနိုင်မည်ဟုလည်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများက အပြည့်အဝယုံကြည်ထားသည်။

မြန်မာနှင့်တရုတ်တို့သည် “အေးအတူပူအမျှအသိုက်အဝန်း”ကို အောင်မြင်စွာတည်ထောင်နိုင်ခဲ့သည်။ အေးအတူပူအမျှဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် အတူတကွတူညီသည့် အကျိုးခံစားမှုရှိအောင်ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် တည်ငြိမ်အေးချမ်းမှု သို့မဟုတ် မြန်မာနိုင်ငံ၏အသီးအပွင့်များရှိလာလျှင် တရုတ်နိုင်ငံကခံစားရသည်။ ထို့အတူ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည့်အခါ မြန်မာနိုင်ငံက အဆိုပါအကျိုးကိုခံစားရခြင်းဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာ–တရုတ် အေးအတူပူအမျှ အသိုက်အဝန်းကြီးကို ပိုမိုပီပြင်စေမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကော့ကရိတ်မြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Placement Test စာမေးပွဲကျင်းပ

ကော့ကရိတ် ဇွန် ၁၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကျောင်းနေအရွယ်ကလေးများအတွက် Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ဇွန်လ ၁၅ ရက်တွင် စတင်ကျင်းပသည်။

Placement Test (အထူးအစီအစဉ်) စာမေးပွဲကို အထူးအစီအစဉ်အနေဖြင့် ကျင်းပခဲ့ရာ ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် Grade –1 မှ Grade–8 အထိ ကျောင်းသား၊ ကျောင်းသူ ၃၈၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး အေးချမ်းစွာဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ ခရိုင်ပညာရေးမှူး ဦးခွန်အောင်မျိုးဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီခိုင်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်မျိုး တို့က လိုက်လံကြည့်ရှုကြသည်။

အဆိုပါစာမေးပွဲကို ဇွန်လ ၁၅ ရက်မှ ၂၀ ရက်အထိ ဘာသာရပ်အလိုက် ဖြေဆိုမည်ဖြစ်ပြီး ဇူလိုင်လ ၁ ရက်တွင် အောင်စာရင်းထုတ်ပြန်ကြေညာပေးမည်ဖြစ်ရာ Placement Test (အထူးအစီအစဉ်) စာမေးပွဲတွင် အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများသည်၂၀၂၆–၂၀၂၇ ပညာသင်နှစ်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက်ကော့ကရိတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ပြည်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကြည့်ရှု၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(ရွှေတောင်) သင်တန်းခန်းမ၌ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းကျောင်းအတွင်း လက်တွေ့သင်ကြားနေမှု၊ စာသင်ဆောင်များ၊ သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာယာဝတီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လိပ်ဥကုန်း-ကျောက်တွင်း-ရန်ကင်းတောင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းပေါက်များ ပြုပြင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက်တိုက်ကြီးမြို့နယ်ရင်းတိုက်ကွင်းကျေးရွာ ခန်းမဆောင်၌ ကျေးရွာရှိ ကောင်းသန့်အောင်မျိုးစေ့ထုတ်သမဝါယမအသင်း၊ ကရင်ကျွန်းချောင်းကျေးရွာရှိ ပွင့်သစ်စစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ လောက်လေးချောင်းကျေးရွာရှိ ရတနာလွှမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းများမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျိုက်စကိုင်းနှင့် ဂျိုးဖြူစံပြကျေးရွာတို့မှ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တိုက်ကြီးမြို့နယ်အတွင်းရှိ ရင်းတိုက်ကွင်း၊ ကရင်ကျွန်းချောင်း၊ လောက်လေးချောင်းကျေးရွာသုံးရွာတို့မှ မိုးစပါးစိုက် တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကွင်းဆင်းစစ်ဆေး၊ ရွေ့လျားဆေးကုသယာဉ်ဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းကုသဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး



**ပဲခူး ဇွန် ၁၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွင်း ဂဟေဆက်သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် အထည်ချုပ်သင်တန်းဖွင့်လှစ်ပို့ချနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီးအတွင်းရှိအထည်ချုပ်စက်ရုံများဖြစ်သည့် Myanstar Garment Co., Ltd.၊ Suitstar Garment Co., Ltd. နှင့် Sudey Industrial Myanmar Co., Ltd. တို့မှ အလုပ်သမားများ လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အလုပ်သမားများ၏ ရပိုင်ခွင့်များ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်ဖြင့် အထည်ချုပ်စက်ရုံသုံးရုံရှိအာမခံအလုပ်သမားများအား အလုပ်ဌာနအရောက်ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် အကျုံးဝင်အာမခံအလုပ်သမား ၇၅၀၂၆ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၅ ခန်း၊ Fee for service စာချုပ်ဆေးခန်း ၁၅ ခန်း၊ ဌာနကြီးဆေးခန်း ၅ ခန်း၊ ရွေ့လျားဆေးကုသယာဉ်များဖြင့် ဆေးကုသမှုဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိပြီး ၄/၂၀၂၅ လမှ ၃/၂၀၂၆ လအထိ ဆေးဖိုးအမှုတွဲ ၂၁၈၅ အတွက် ငွေကျပ် ၄၅၄ ဒသမ ၉၈၁ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုနှင့်ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ်များဖြစ်သည့်အမျိုးသား၊ အမျိုးသမီး ပစ္စတိုထိလဲပစ်ခတ်စဉ်နှင့် အမျိုးသားကာဘိုင်ထိလဲပစ်ခတ်စဉ်များ ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန်လ ၁၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၁၆-၆-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၆၄၂,၅၇၈.၉၉ | ၂၁,၇၀၅,၁၃၆.၆၆ | ၄၂,၈၀၆,၇၀၉.၃၁ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ ၊ စက်မှုကုန်ကြမ်း ၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ မျိုးစေ့၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၀˚C |
| ရန်ကုန် | ၂၄˚C | / | ၃၀˚C |
| မန္တလေး | ၂၅˚C | / | ၃၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

နတ်စက်ရောင်ဆရာကား လက်ဖွဲ့များ၊ ဆေးတောင့်များကို သိမ်ဝင်သပိတ်ကွဲ အင်းပေါ်၌သွေးကာ ဆေး၏တန်ခိုးအမျိုးမျိုးကို လကာ်ပတ်တမ်းနှင့်ပြောဆိုလျက် ဆေးတစ်ခါထိုးလျှင် ငါးကျပ်ယူကာ စီးပွားရေးလမ်းဖြောင့်နေသူဖြစ်၏။ ထိုဆရာသည် ဆရာလိမ်ဖြစ်မှန်းကို ကျွန်ုပ်အတပ်သိသော်လည်း ကျွန်ုပ်၏လက်စားချေရေးလမ်းစဉ်ကြီးတွင် ထိုဆရာကို လက်နက်အဖြစ်ဖြင့် အသုံးချရန်ရည်ရွယ်ထားသည့်အတိုင်း နတ်စက်ရောင်ဆရာ၏ဆေးများကို တစ်ခါထိုးလျှင် ငွေတစ်ဆယ်ပေးကာ ငွေငါးဆယ်ဖိုးလောက် ကျွန်ုပ်ကိုယ်တိုင်အနာခံ၍ထိုး၏။ ပိုက်ဆံရမှန်းသိလေလေ ထိုဆရာမျိုးမှာ ဟိုဆေးပြီးလျှင် ဒီဆေးကို အထိုးခိုင်းလေလေဖြစ်ရာ ကျွန်ုပ်နှင့် ဒေါ်ကျော့ရင်တို့မှာလည်း ဆရာနှင့်အလွမ်းသင့်ကြလျက် ဆေးတွင်တွင်ထိုး၍ နေကြသောဘဝသို့ရောက်ခဲ့ကြ၏။

ကျွန်ုပ် လိမ့်နေမှန်းကို မသိသော နတ်စက်ရောင်ဆရာသည် သူလိမ့်တိုင်း လိမ့်လေပြီဟူသောအထင်ဖြင့် ကျွန်ုပ်အတွက် စပယ်ရှယ်ဆေးတစ်မျိုးကို ထိုးဖို့တိုက်တွန်းပြန်၏။ "ဒီဆေးက ကျပ်တစ်ယောက်ပဲရှိတာ ဦးကံကောင်းရဲ့၊ ဆေးက ပါးပါးရှားရှားခဲခဲယဉ်းယဉ်းနဲ့၊ ဟိုပုပ္ပားတောင်ကလပ်မှာ သက်သတ်လွတ်ကိုးနှစ်စလုံးစားပြီး ကိုးပါးသီလစောင့်ခဲ့လို့ အထက်ဆရာကြီးများက ပေးတဲ့ဆေး၊ ဒီဆေးတန်ခိုးကတော့ အထူးပြောဖို့မလိုပါဘူးလေ၊ နောင်တော့ သိပါလိမ့်မယ်" ဟု ခပ်အုပ်အုပ်ဟန်လုပ်၍ပြော၏။ ဤသို့ ခပ်အုပ်အုပ် ဟန်လုပ်၍ပြောနည်းမျိုးဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် လိုရာကိုရခဲ့ပြီးပေါင်းများလှပြီဖြစ်ရာ လူလိမ်မှန်းသိလျက်နှင့် ကျွန်ုပ်က လေသံဖြင့် "ဟုတ်လား ... ဆရာဒါဖြင့် ကျွန်တော့်ကို မ စပါဦး ဆရာရယ်၊ ဘယ်လောက်ပဲကုန်ရကုန်ရ"ဟု အင်မတိအင်မတန်လိုချင်ဟန် တိုးတိုးလျှိုးလျှိုး ပြောလိုက်၏။ ထိုအခါ ဆရာမောင်က "ဆေးတစ်စက်ကို ပြည်တစ်ဝက်တန်တယ်လို့ အဆိုရှိတာပဲ ဦးကံကောင်းရဲ့၊ အဖိုးဖြတ်လို့တော့မရနိုင်ဘူး။ သို့သော် ဦးကံကောင်းအတွက်ဆိုရင် ပွဲသုံးပွဲနဲ့ ငွေ ၅၀ ပဲ ကန်တော့ပါလေ"ဟု ဈေးပြောလေသည်။ ဆေးဆရာယောင်တို့၏ ပွဲသုံးပွဲဆိုသည်မှာ နတ်ပွဲသုံးပွဲဖြစ်၍ ငှက်ပျောသီး၊ အုန်းသီးအပြင် ငွေငါးကျပ်လည်း ထည့်ရသေးသောပွဲဖြစ်ပေသည်။ ကျွန်ုပ်၏ရင်ထဲ၌ကား "ကြိတ်သာကြိတ်ဆရာ၊ ခင်ဗျားကျုပ်လိုရာစခန်းကိုသာ ရောက်အောင်ပို့ပေတော့"ဟု ရယ်မိရင်း ပါးစပ်ကမူ "ဟာ ... ကိစ္စမရှိပါဘူးဆရာ၊ ဘယ်တော့ထိုးရမလဲ"ဟု မေးလိုက်၏။ ဆရာယောင်လည်း ပါးစပ်က ပေါက်ကရတွေကို ဗေဒင်တွက်ဟန်ဖြင့်ရွတ်ကာ "ဟာ ... နက်ဖြန်လပြည့်နေ့မဟုတ်လား၊ စနေလည်း စနေ၊ တကယ့်ရက်ကောင်းပဲ ... နက်ဖြန်ပဲထိုးပေတော့" ဟု ပိုက်ဆံမြန်မြန်ရအောင်ဆွယ်လေသည်။ ကျွန်ုပ်ကလည်း အားတက်သရောကြီးပင် ဟန်လုပ်၍ "ဟာ နေရာကျတာပဲဆရာ ... အဲ .. နေပါဦး ဆရာ ဒီပွဲသုံးပွဲပေးရင် လူဘယ်နှယောက်ဆေးထိုးနိုင်သလဲ" ဟု စကားစဖော်ပေးလိုက်၏။ ထိုအခါ ချက်ကောင်းကို စောင့်နေသော ဆရာနတ်စက်ရောင်က "ပွဲတစ်ခါပေးရင် ဘယ်နှယောက်ထိုးထိုး ဆေးစွမ်းပြတာပဲ။ ကိုင်းဒီက သိမ့်အစ်မကြီးကော ကြုံတုန်းကြုံခါမှာ ထိုးလိုက်ပါလား"ဟု ဒေါ်ကျော့ရင်ကိုဆွယ်၏။ မိန်းမသားစိတ်ဓာတ် ငွေတစ်ရာကုန်ရမည်ကို နှမြောသော်လည်း သူများနှင့်ပူး၍ ငွေ ၉၉ ကျပ် ကုန်ရမည်ဆိုလျှင် နှမြောတတ်သူများမဟုတ်ရာ နတ်ပွဲသုံးပွဲအတွက် ငွေ ၁၅ ကျပ် သက်သာမည်ကိုသာတွေး၍ ငွေ ၅၀ ကုန်ရမည်ကို မနှမြောဘဲ ရှောရှောရှူရှူသဘောတူလိုက်ပေသည်။

နောက်တစ်နေ့တွင် ဆေးထိုးကြ၏။ ဆေးထိုးပြီးလျှင် ဆေးကိုသိဒ္ဓိတင်သောအားဖြင့် သိမ်ဝင်သပိတ်ကွဲလေးကို လက်အုပ်ချီကန်တော့ကာ ငါးမိနစ်ခန့် အာရုံပြုရပေသည်။ ကျွန်ုပ်က ပထမထိုး၏။ ကျွန်ုပ် ဆေးထိုးအပြီးတွင် ဆေးသွေးထားသော သိမ်ဝင်သပိတ်ကွဲလေး၌ ဆေးစဆေးနကျန်သည်ကို နတ်စက်ရောင်ဆရာက မျက်နှာလွှဲ၍ ဒေါ်ကျော့ရင်အား စကားဖောင်လောက်အောင် ဆေးစွမ်းကို ညွှန်နေစဉ် ကျွန်ုပ်သည် ဆေးကျောက်ပျဉ် သပိတ်ကွဲလေးမှ ဆေးနှစ်များအတွင်းသို့ လက်၌ဝှက်ယူခဲ့သော ကျွန်ုပ်၏ကိုယ်ပိုင်ဆေးမှုန့်များကို ဖြူးလိုက်၏။ ကျွန်ုပ် ဆေးထိုးပြီးသောအခါ ဒေါ်ကျော့ရင် ဆေးဆက်၍ထိုးရပေမည်။ ထို့နောက် ဟန်မပျက် လက်အုပ်ချီကာ နေလိုက်ရပေသည်။ ကျွန်ုပ်လျှို့ဝှက်၍ ယူလာခဲ့သော ဆေးမှုန့်မှာကား ကျွန်ုပ်မော်လမြိုင်တွင် ဂျပန်ဗိုလ် ကီမူရာနှင့် အမှုထမ်းစဉ်က ရခဲ့သော ဆေးလုံးလေးတစ်လုံးကို အမှုန့်ကြိတ်ထားခြင်းဖြစ်၏။ ထိုဆေးလုံးကို ကျွန်ုပ်အား ကီမူရာက "အဲဒီဆေးလုံးလေးကိုတော့ အမြဲဆောင်ထားပေတော့ ကိုကံကောင်း ...၊ မတော်တဆများ ရန်သူရဲ့လက်ထဲကိုရောက်သွားရင် ဒီဆေးလုံးလေးကိုသာမျိုလိုက်၊ တစ်မိနစ်ပဲ ခံတယ်၊ ကိစ္စချောတာပဲ၊ ဟာရာကီရီထက်မြန်လို့ ကျွန်တော်တို့လည်း အမြဲဆောင်ထားရတယ်"ဟုဆိုကာ ပေးခဲ့သောဆေးလုံးပင်ဖြစ်၏။

နောက်တစ်နေ့နံနက်တွင် ဒေါ်ကျော့ရင် ဖျား၏။ နေ့လယ်ပိုင်း၌ မျက်ဖြူလန်၏။ ညနေပိုင်းတွင် အသက်ထွက်လေတော့သည်။ ဆရာယောင်ကား ကြက်ပျောက်၊ ငှက်ပျောက် ပျောက်တော့၏။ နောက်ဆုံး၌ ဒေါ်ကျော့ရင်သည် ပေါရိသာဒဆေး အခံရှိလျက်နှင့် နတ်စက်ရောင်ဆေးကို ထိုးမိမှားသောကြောင့် ဆေးစောင့်နတ်ဘီလူးချင်းရန်ဖြစ်ကာ ကိစ္စချောရသည်ဟု အရပ်ထဲ၌ ဟိုးဟိုးကျော်ကာ အသုဘကိစ္စကို ဆောင်ရွက်ကြရလေတော့သည်။ အင်း ... တစ်ယောက်ကား ချောပြန်ပေပြီ။ ဒေါ်ကျော့ရင်ကား တနင်္လာသမီးဖြစ်၏။

**"ကျွန်ုပ်ဆေးထိုးအပြီးတွင် ဆေးသွေးထားသော သိမ်ဝင်သပိတ်ကွဲလေး၌ ဆေးစဆေးနကျန်သည်ကို နတ်စက်ရောင်ဆရာက မျက်နှာလွှဲ၍ ဒေါ်ကျော့ရင်အား စကားဖောင်လောက်အောင် ဆေးစွမ်းကိုညွှန်နေစဉ် ကျွန်ုပ်သည် ဆေးကျောက်ပျဉ် သပိတ်ကွဲလေးမှ ဆေးနှစ်များအတွင်းသို့ လက်၌ဝှက်ယူခဲ့သော ကျွန်ုပ်၏ကိုယ်ပိုင်ဆေးမှုန့်များကို ဖြူးလိုက်၏။ ကျွန်ုပ်ဆေးထိုးပြီးသောအခါ ဒေါ်ကျော့ရင် ဆေးဆက်၍ထိုးရပေမည် . . ."**

ဤသို့ ကျေနပ်မိသည့်အခိုက်တစ်ထောင့်က ကိစ္စတစ်မျိုးပေါ်၍လာပြန်၏။ ဒေါ်ကျော့ရင်၏ အသုဘကိုပို့ဆောင်မည့်အခါ၌ မောင်ညိမ်းအောင်၏ဇနီးသည် အရေးပိုင်သမီးမှာ လိုက်ပို့မည့်ဟန်ပြင်ပြီးမှ အဒေါ်ကြီးများက "မဟုတ်တာကွယ် ..." ဟု ဆိုလျက် နားဝတွင် တီးတိုးကပ်၍ ပြောလိုက်သည်ကို တစေ့တစောင်းမြင်ရပေရာ ကျွန်ုပ်မှာ ရင်တစ်ညွန့်ကျိုးကာမှ တစ်ညွန့်ပေါ်ပြန်လေပြီ ... ဟုတွေးကာ ရယ်ချင်၊ ငိုချင်ဖြစ်လာ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် မကြာမီပင် မောင်ညိမ်းအောင်၏ဇနီး၌ ကြို့လှန် ပျို့အန်နားထင်ဟောက် ဆံပင်ခြောက်ဟူသော လက္ခဏာတွေ ထင်ရှားလာပေတော့သည်။ ဩော်... ဖြစ်ရပလေ ...

■ ■ ■ ■ ■

**အသန့်နှင့် ပြန်တွေ့ခြင်း**

ဒေါ်ကျော့ရင် အနိစ္စရောက်သောလမှာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလထဲ၌ ဖြစ်ပေရာ ထိုလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလိပ်နန်းရင်းဝန် အက်တလီတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စာချုပ်တစ်ရပ်ကို ဘိလပ်တွင် လက်မှတ်ရေးထိုးကြကြောင်း သတင်းများပါ၍လာပေသည်။ ထိုသတင်းများကို ဖတ်ရ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်ဟု အရိပ်အငွေ့မျှ သိသာလာသောအခါတွင် ဦးဒေါနသည် ကျွန်ုပ်နှင့် မောင်ညိမ်းအောင်တို့အား အတွင်းရေးကို ခေါ်၍ တိုင်ပင်လေတော့သည်။

ကုန်သည်လုပ်ငန်းနှင့် နိုင်ငံရေးသည် ဘာမျှမဆိုင်ဟု ဆိုစမှတ်ရှိသော်လည်း ကျွန်ုပ်တို့ကဲ့သို့ သိန်းနှင့်ချီ၍ အလုပ်လုပ်ကြသော ကုန်သည်ကြီးများအဖို့တွင် နိုင်ငံရေးအပြောင်းအလဲတို့သည် များစွာအရေးကြီး၏။ စကားတိုတိုဆိုရမည်ဆိုလျှင် ကုန်သွယ်ရေးအတွက်ပင် စစ်တွေတိုက်ကြရသည်မဟုတ်ပါလော။

**ဆက်လက်ဖော်ပြပါမည်။**

## ငဖဲမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပ

ငဖဲ ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် မင်းလွင်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အမျိုးသမီးများအတွက် ဥပဒေအကြောင်းအရာများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် မင်းလွင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲမာက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ မြန်မာအမျိုးသမီးများအတွက် အရေးကြီးသည့် အချက်မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းရန်ဖြစ်ပြီး အမျိုးသမီးငယ်များအနေဖြင့် မိမိတို့၏မြန်မာအမျိုးသမီးဂုဏ်ရည်များ မပျက်ယွင်းမည့်ိုးနွမ်းရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် မြို့နယ်ဥပဒေအရာရှိ ဦးအာကာကျော်က မြန်မာအမျိုးသမီးများဆိုင်ရာ ဥပဒေသိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ၏စွမ်းအားနှင့် ဂုဏ်သိက္ခာခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူသုံးဦးအား ငဖဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

မယု(ငဖဲ)

## ပဲခူးမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေကို ကွင်းဆင်းစစ်ဆေး

ပဲခူး ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို ဇွန်လ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။


ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်ဦးထွန်းဝေနှင့်တာဝန်ရှိသူများက ပဲခူးမြို့နယ် အောက်စီတီးအနောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ ပဲခူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)တို့က လက်ရှိမြေပြင်အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း၊ ဆက်လက်၍



အင်ဂျင်နီယာချုပ်ဦးထွန်းဝေက လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အောက်စီတီးအနောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းကို ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာများမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ကြ၊ ယခုအခါ မိမိတို့၏ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသည့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာပြုရသည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ် . . .**

**❖ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံအကျိုးကျေးဇူးမြင့်မားသည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်သွားလို၊ ကုန်သွယ်မှုကဏ္ဍကိုလည်း ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားလို၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**❖ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းသည် နှစ်နိုင်ငံလုံးအတွက် အရေးပါသည့်စီမံကိန်းဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးတို့အပါအဝင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .**

၁ ကျောဖုံးမှအဆက်

ချစ်ကြည်ရေးကို အလေးထားပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံအားပေးရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အဆွေတော်သမ္မတကြီး ဦးဆောင်မှုအောက်တွင် ပိုမိုစည်းလုံးပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုပိုမိုနက်ရှိုင်းစေရေးနှင့် ချစ်ကြည်ရင်းနှီးမှုများပိုမိုတည်တံ့စေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးလိုပါကြောင်း ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား အစဉ်အလာကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းခိုင်မာစေမည့် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုမှတစ်ဆင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကဏ္ဍအပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့၏ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းသည့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာဆက်ဆံရေးတွင် စံနမူနာပြုရသည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် (၁၅)ကြိမ်မြောက် ငါးနှစ်သက်တမ်းစီမံကိန်း ချမှတ်ကျင့်သုံးနေချိန်ဖြစ်သကဲ့သို့ မိမိတို့အစိုးရသစ်အနေဖြင့်လည်း ရေရှည်တည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရေး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးတိုးမြှင့်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများကို နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံအကျိုးကျေးဇူးမြင့်မားသည့် ပူးပေါင်းဆောင်ရွက်မှုများကိုလက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား နယ်ပယ်အသီးသီးတွင် ကျယ်ပြန့်စွာဆွေးနွေးလိုပြီး ထိရောက်သည့်အောင်မြင်မှုရလဒ်များကို ရရှိလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍကိုလည်း ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံတွင်မြှင့်တင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှုကို တရားဥပဒေစိုးမိုးမှုနှင့်အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာနှင့် MSME ထုတ်ကုန်များအတွက် Quarantine စံနှုန်းဆိုင်ရာ နည်းပညာပံ့ပိုးမှုမြှင့်တင်ရေးနှင့် နယ်စပ်ဖြတ်ကျော်တရားဥပဒေစိုးမိုးရေးကဏ္ဍများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်အတွက် တည်ငြိမ်သည့်စွမ်းအင်စနစ်တည်ဆောက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာပိုင်းတို့တွင် တရုတ်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်ရေး၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှလိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းသည် နှစ်နိုင်ငံလုံးအတွက် အရေးပါသည့်စီမံကိန်းဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးတို့အပါအဝင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်တရုတ်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress - NPC) ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**❖ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အပြန်အလှန်အကျိုးဖြစ်ထွန်းစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားလိုကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးဖြစ်ထွန်းစေလို . . .**

**❖ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားလို . . .**

နေပြည်တော် ဇွန် ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိနှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တရုတ်နိုင်ငံမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌက အဆွေတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်လာရောက်မှုအပေါ် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအနေဖြင့်

**စာမျက်နှာ ၇ သို့ ▲**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ ယခုအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သဖြင့် မြန်မာလွှတ်တော်အမတ်များကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များစေလွှတ်သွားလိုပြီး အဆိုပါလေ့လာရေးခရီးစဉ်များမှတစ်ဆင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်အုပ်ချုပ်မှုနှင့် ပြည်သူ့ကိုယ်စားပြုမှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်နိုင်မည်ဟုလည်း ယုံကြည် . . .**

▲ **စာမျက်နှာ ၆ မှအဆက်**

သံတမန်ဆက်ဆံမှု ၇၆ နှစ်မြောက်ကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် အညီ နေထိုင်လျက်ရှိကြောင်း၊ ယခင်နှစ်က အဆွေတော်သမ္မတကြီးနှင့် မိမိတို့ တရုတ်နိုင်ငံသမ္မတကြီးတို့အနေဖြင့် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်အရေးပါသည့် သဘောတူညီချက်များ ရရှိခဲ့ကြကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း ထပ်မံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အနာဂတ်လမ်းပြပေးနိုင်မည့် အရေးကြီးသည့် တွေ့ဆုံဆွေးနွေးမှုများနှင့် သဘောတူညီမှုများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ **တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အပြန်အလှန်အကျိုးဖြစ်ထွန်းစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားလိုကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုး ဖြစ်ထွန်းစေလို**ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ လာရောက်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရသစ်၏ဦးဆောင်မှုနှင့်အတူ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများစွာ မလွဲမသွေဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ အဆွေတော်နှင့်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံ လွှတ်တော်နှစ်ရပ်ဥက္ကဋ္ဌသစ်များ ထံသို့ အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ မန္တလေးလျှင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်တွင် တရုတ်နိုင်ငံက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစောဆုံးပေးအပ်ခဲ့ပြီး ပမာဏအများဆုံး ထောက်ပံ့ပေးခဲ့သည့်အတွက် အမြဲတန်ဖိုးထားလျက်ရှိပါကြောင်း၊ **တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားလို**ပါကြောင်း၊ **ယခုအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သဖြင့် မြန်မာလွှတ်တော်အမတ်များကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားလိုပြီး အဆိုပါလေ့လာရေးခရီးစဉ်များမှတစ်ဆင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်အုပ်ချုပ်မှုနှင့် ပြည်သူ့ကိုယ်စားပြုမှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်နိုင်မည်ဟုလည်း ယုံကြည်**ပါကြောင်း၊ နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များအကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မိမိတို့လွှတ်တော်များအကြား ဆက်ဆံမှု ပိုမိုနက်ရှိုင်းလာစေရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အစဉ်အမြဲအားကိုးရသည့် အိမ်နီးချင်းကောင်းဖြစ်သည့်အပြင် “မိတ်ဆွေစစ်”လည်း ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေးဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံ နှစ်ထပ်ဆေးကုသဆောင်သစ်ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၊ ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သည့် ရင်ချင်းဆက်အမွှာကလေးများအားကြည့်ရှု

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံ နှစ်ထပ်ဆေးကုသဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုရေးရာဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နှစ်ထပ်ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်အတွင်းရှိ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ သွားနှင့်ခံတွင်းဆေးကုသမှုဌာနများကို လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်နေသောလူနာများအား စားသောက်ဖွယ်ရာများပေးအပ်သည်။

အဆိုပါ အဆောက်အအုံသစ်သည် ၁၆၈၀၀ စတုရန်းပေ ကျယ်ဝန်းပြီး ခွဲစိတ်ခန်းပါ RC နှစ်ထပ် အဆောက်အအုံဖြစ်ကာ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်မှခွင့်ပြုရန်ပုံငွေကျပ် ၁၇၈၉ ဒသမ ၄၄၅ သန်း အသုံးပြုကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ လူဦးရေ လေးသိန်းကျော်ကို ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဇွန်လ ၁၁ ရက်က ခွဲစိတ်ကုသခဲ့သော ရင်ချင်းဆက်အမွှာ မကြာညို သင်းနှင့် မကြာညိုသိမ့် ကလေးငယ်နှစ်ဦးအားကြည့်ရှု၍ လက်ဆောင်များပေးအပ်ပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးခဲ့သည့် ဆေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် ရင်ချင်းဆက်အမွှာကလေးနှစ်ဦး၏ ခွဲစိတ်ပြီး ငါးရက်မြောက်နေ့ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

မြဝတီ

# မဟာမုနိဘုရားကြီး၏ (၉၈)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော်ဖွင့်ပွဲကျင်းပ

မန္တလေး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အကွက်အမှတ်(၅၀၈) မဟာမုနိဘုရားကြီးဝင်းအတွင်းရှိ ခြင်းလုံးရုံ၌ ယနေ့တွင် (၉၈)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော်ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲကို မဟာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဝါဆိုခြင်းအလှခတ်ခြင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မဟာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဝါဆိုခြင်းအလှခတ်ခြင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က အလှခတ်ခြင်းအဖွဲ့များအတွက် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းပြီး မန္တလေးတိုင်းဒေသကြီး အလှခတ်ခြင်းလက်ရွေးစင် (အမျိုးသား/အမျိုးသမီး) အဖွဲ့များက သရုပ်ပြ ခြင်းအလှခတ်ခြင်းတို့ ပြုလုပ်သည်။

အဆိုပါခြင်းအလှခတ်ပွဲကို အဖွဲ့ပေါင်း ၉၀၀ မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအား ဇွန်လ ၁၆ ရက်မှ ဇူလိုင်လ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)



# ရုရှားနိုင်ငံနှင့်ပူးပေါင်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုစနစ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းသင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီနှင့် ပူးပေါင်းအစီအစဉ်အဖြစ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုစနစ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီ (RANEPA)မှ သင်တန်းနည်းပြဆရာများ၊ ပါမောက္ခချုပ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီ (RANEPA)မှ နည်းပြအဖွဲ့ခေါင်းဆောင် ပါမောက္ခ Gadzaov Felix Ruslanovich က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို In- person နှင့် Online နှစ်ပိုင်းခွဲ၍ ဇွန်လ ၁၆ ရက်မှ ၂၆ ရက်အထိ ရက်သတ္တနှစ်ပတ်ခန့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုမှ ဆရာ၊ ဆရာမ ၂၀ ဦး တက်ရောက်ကြသည်။

ထို့နောက် ရတနာခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၆)မှသင်တန်းသား၊သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းအိပ်ဆောင်အလိုက် ငွေနှင်းမှိုနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပိတောက်ဆောင်၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၀၆) သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။


မြဝတီ

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၂ ဦးတက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jang Phang နော်တောင်(ခ) ဦးနော်တောင်က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းမှစတင်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ ချိတ်ဆက်ဆောင်ရွက်ရသည့် ဥပဒေပြုလုပ်ငန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာပြီး လွှတ်တော်လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါတွင်လည်း အရည်အသွေးများ၊ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ဆောင်ချက်များအနက် သာဓကတစ်ခုကို တင်ပြရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁)၊ (၂)၊ (၅) ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌများ အချင်းချင်းပေါင်းစပ်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုသို့ညှိနှိုင်းချက်များအရ ဇယား (၁)၊ (၂)၊ (၅) ပါပြဋ္ဌာန်းချက်များအပေါ် ပြင်ဆင်လိုသည့်အချက်များ၊ ဖြည့်စွက်လိုသည့်အချက်များကိုပြုစုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီသို့ တင်ပြနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချိတ်ဆက်မှုအားကောင်းလာပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းများလည်း ပိုမိုအဆင်ပြေချောမွေ့လာသည်ကိုတွေ့ရပါကြောင်း၊ ထို့ပြင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကြောင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပိုမိုအဆင်ပြေအောင် လုပ်ဆောင်နိုင်သည်ကိုလည်းတွေ့ရပါကြောင်း။

တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၈၄-ခ အရ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(MPU) ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်သောကြောင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ သိရှိနိုင်ရန်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) တွင် အဖွဲ့ဝင်၁၈ ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် အတွင်းရေးမှူးအဖြစ် ဒုတိယနာယက Jang Phang နော်တောင်(ခ)ဦးနော်တောင်နှင့် အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ကို တာဝန်သတ်မှတ်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union–MPU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းကိုအစည်းအဝေး စတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter–Parliamentary Assembly–AIPA) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ ( Joint Committee on ASEAN Inter – Parliamentary Assembly–AIPA) တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်တို့ အပါအဝင်အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်းနှင့် လွှတ်တော်၏သဘောတူညီချက်ရယူခြင်းကို အစည်းအဝေး စတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter– Parliamentary Union–IPU) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ(Joint Committee on Inter–Parliamentary Union–IPU)တွင် ဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅)မှ ဦးအောင်သီဟတို့အပါအဝင် အဖွဲ့ဝင် ၁၄ ဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းရန်လျာထားကြောင်းနှင့်လွှတ်တော်၏သဘောတူညီချက်ရယူခြင်းကို အစည်းအဝေး စတုတ္ထနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီတွင်အဖွဲ့ဝင်ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်းအစား နတ်တလင်းမဲဆန္ဒနယ်မှ ဦးတင့်လွင်ကိုလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်အစား ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူအစား ဒေါပုံမဲဆန္ဒနယ်မှဦးဝင်းကျော်နှင့်ရမည်းသင်းမဲဆန္ဒနယ်မှဦးညွန့်ဆောင်အစား သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးတို့ကိုလည်းကောင်း၊ ကိုယ်စားလှယ်စိစစ်ရေးကော်မတီတွင် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေအစား တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦးနှင့် ချင်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးအောင်မင်းနိုင်အစား မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာဇညားအောင်မိုးတို့ကို အဖွဲ့ဝင်များအဖြစ်ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကိုကျင်းပပြုလုပ်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I – 5)၌ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများပိုမိုသိရှိစေရန် "ပြည်သူ့အသံ – လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ – လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် – လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်လည်း Social Media များမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အထောက်အကူပြုရန်အတွက် အမြဲတမ်းကော်မတီလေးခု အပါအဝင် ကော်မတီပေါင်း ၂၂ ခုကို ဖွဲ့စည်းထားကြောင်း၊ အဆိုပါကော်မတီများအနက် ယနေ့တွေ့ဆုံသောနိုင်ငံတကာဆက်ဆံရေးကော်မတီသည် အရေးကြီးသည့် ကော်မတီတစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အစိုးရသစ်၏ အသွင်ကူးပြောင်းရေးကာလတွင် ဤကော်မတီ၏အခန်းကဏ္ဍသည်နိုင်ငံတော်အား အထောက်အကူပြုနိုင်ရေးအတွက် ပိုမိုအရေးကြီးလာမည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ အာဆီယံပါလီမန်များညီလာခံ (AIPA)နှင့်ပြန်လည်ထိတွေ့ဆက်ဆံရေး၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)နှင့် ပြန်လည်ထိတွေ့ဆက်ဆံမှုရရှိရေး၊ နိုင်ငံတကာလွှတ်တော်များ အချင်းချင်းချစ်ကြည်ရေးအဖွဲ့ (Parliamentary Friendship Group) များဖွဲ့စည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းပြုဥပဒေများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး (ဥပမာ– လေထုညစ်ညမ်းမှုကာကွယ်ရေး၊ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Truck–1.5 နှင့် Truck–2 စနစ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စသည်တို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အသေးစိတ်မှာကြားသည်။



ထို့နောက် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းက ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီရုံးခန်းနှင့် အစည်းအဝေးခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နှစ်ပြည်ထောင် နှစ်မြွှာအသည်း

☆ တရုတ်နိုင်ငံ သမ္မတရဲ့
ဖိတ်မန္တက ပြုသည်တွင်။
တို့နိုင်ငံ သမ္မတရဲ့
ပြည်ပခရီးစဉ်။
ချစ်ကြည်မှု သံယောဇဉ်
ထာဝစဉ် ခိုင်သန်အား။
ခရီးဦးကြို ညှို့ဝတ်ခင်းတာက
မင်းခမ်းမင်းနား။
☆ တရုတ်မြန်မာ ဘိုးဘွားအဆက်ဆက်
တိုးပွားလျက် ချစ်မေတ္တာ။
ပဝေသဏီက
အခြေတည် လက်ပွန်းတတီးပါပဲ
ရင်းနှီးကြည်သာ။
မြေကြောရေကြောရယ်က
တစ်ကြောတည်း ဆင်းသက်လာ
နှစ်သက်စွာ ချစ်မြတ်နိုး။
စိတ်ချင်းတူ သွေးသားအရင်း
မွေးချင်းဆွေမျိုး။
☆ "ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနဲ့
သူ့အရေး ကိုယ်ကဆောင်
ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနဲ့
ကိုယ့်အရေး သူကဆောင်"။
နှစ်နိုင်ငံ တူယှဉ်တွဲတော့
ပွဲတိုင်းကျော် အောင်။
မခွာမခွဲပါဘူး
နှစ်မြွှာအသည်း နှစ်ပြည်ထောင်
ရည်ဆောင်လို့ ရေရှည်တွေး။
တရုတ်မြန်မာ ဆတက်တိုးလို့
ဖွံ့ဖြိုးစည်ရေး။
☆ ကမ္ဘာ့အလယ် မျက်နှာပန်းလှ
အထက်တန်းကျ နေထိုင်ကာ
ခံ့ညားထည်ဝါ။
တရုတ်နှင့်မြန်မာ
ငြိမ်းချမ်းစွာ အတူနေထိုင်ရေး။
နှစ်နိုင်ငံ ရွှေရောင်လွှမ်းအောင်
ကြိုးပမ်းတယ်လေး။
☆ နှစ်နိုင်ငံ ခေါင်းဆောင်ချင်း
ဖက်လဲတကင်း နှုတ်ဆက်ကာ။
တရုတ်နိုင်ငံ သမ္မတနှင့်
တို့နိုင်ငံ သမ္မတတို့
အားရဝမ်းသာ။
"ရေရှည်တွေး ဆွေးနွေးကာ
မဟာဗျူဟာ အောင်နိမိတ်"။
"နိုင်ငံတကာရဲ့ မျက်နှာစာမှာ
တရုတ်မြန်မာ မဟာမိတ်"။
ကမ္ဘာတိုင် ခိုင်ကျည်မြဲတယ်
ယှဉ်တွဲအောင်စိတ်။ ။

မောင်ချစ်ကြည်

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲကျင်းပ



နောင်ချို ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြို ပန်းချီပြိုင်ပွဲကို မြို့နယ်လူထုအခြေပြု ဗဟိုဌာန၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီးနောက် ပြိုင်ပွဲကို ရှောင်လေဝေးဝေး မူးယစ်ဆေး ခေါင်းစဉ်ဖြင့်ကျင်းပသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ ပန်းချီပြိုင်ပွဲသို့ နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ချမ်းမြေ့

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Placement Test စာမေးပွဲကျင်းပ

မြဝတီ ဇွန် ၁၆

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကျောင်းနေအရွယ်ကလေးများအတွက် Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ကျင်းပရာ ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် Grade-1 မှ Grade-8 အထိ ကျောင်းသား၊ ကျောင်းသူ ၄၀၅ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ထိုသို့အေးချမ်းစွာဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်တို့က လိုက်လံကြည့်ရှုကြသည်။

အဆိုပါ အထူးအစီအစဉ်စာမေးပွဲကို ဇွန်လ ၁၅ ရက်မှ ၂၀ ရက်အထိ ဘာသာရပ်အလိုက်ဖြေဆိုရမည်ဖြစ်ပြီး ဇူလိုင်လ ၁ ရက်တွင်အောင်စာရင်းထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ရာ စာမေးပွဲ၌ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

မြိတ် ဇွန် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် ကမ်းနားလမ်းရှိ Mergui Square အတွင်း၌ ယမန်နေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေတပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(ရှာဖွေကယ်ဆယ်ရေးတပ်စု) ၃၅ ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ငါးဦး၊ လူမှုရေးအသင်းများမှ အဖွဲ့ဝင် ၂၀ ဦး၊ မြိတ်ခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ HRT ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ပွိုင့်ဆိုင်ကယ်တစ်စီး၊Rescue Boat တစ်စင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ်တစ်စီး၊ လူမှုကူညီရေးအသင်းများမှ လူနာတင်ယာဉ်သုံးစီးတို့ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်နေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းနိုနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၄၁၂)



နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့်စာတမ်းဖတ်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၆**

ဝဇီရာရုပ်ရှင်ရုံ သို့မဟုတ် ခေတ်များကို ဖြတ်သန်းခဲ့သော အနုပညာအမွေအနှစ် စာတမ်းဖတ်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ် အသီးသီးမှ ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့်စိတ်ပါဝင်စားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲသည် မြန်မာ့ရုပ်ရှင်၊ မြန်မာ့အနုပညာသမိုင်းအတွက် အလွန်အရေးပါလှသည့်မှတ်တမ်းတစ်ခုဖြစ်ပါကြောင်း၊ အတိတ်ကိုထိန်းသိမ်း၍ အနာဂတ်ကို တည်ဆောက်မည်ဆိုသည့် အလွန်လေးနက်လှသော ဦးတည်ချက်ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့အနုပညာ၊ ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များကို မည်မျှအထိတန်ဖိုးထားစောင့်ရှောက်နေသည်ကို ယနေ့မိမိတို့ပြန်လည်အသက်သွင်းနေသည့် နိုင်ငံတကာအဆင့်မီ ဝဇီရာဂုဏ်ပြုခံ ကဇာတ်ရုံကြီးက သက်သေပြနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ မြန်မာရေးရာသုတေသနအဖွဲ့၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး( ဗဟို) တို့မှ စာတမ်းရှင်ခုနစ်ဦးက စာတမ်းများဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဘာပတိနှင့်စာတမ်းရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

# ပုဗ္ဗသီရိမြို့နယ်၌ (Placement Test) ဖြေဆိုနေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ကြည့်ရှုအားပေး၊ လယ်ဝေးမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများနှင့်တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာရေးနှင့် အလှမ်းဝေးကွာခဲ့ရသည့် ကျောင်းပြင်ပရောက်ကလေးများ (မူလတန်းဆင့်နှင့် အလယ်တန်းဆင့်) ကျောင်းသို့ ပြန်လည်ရောက်ရှိစေရေး အရည်အချင်းစစ်ဆေးခြင်း (Placement Test) အထူးအစီအစဉ်အဖြစ် အခြေခံပညာကျောင်းစာစစ်ဌာနများ၌ အေးချမ်းစွာ စတင်ဖြေဆိုလျက်ရှိရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ပုဗ္ဗသီရိမြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဖြေဆိုနေမှုကိုကြည့်ရှုအားပေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် ကျောင်းသင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာ(Placement Test) အထူးအစီအစဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ စာစစ်ဌာနရှစ်ခု ဖွင့်လှစ်ပြီး ဖြေဆိုလျက်ရှိရာ ယနေ့တွင် အင်္ဂလိပ်စာဘာသာဖြေဆိုသူ ကျား ၄၇၁ ဦး၊ မ ၄၈၃ ဦး စုစုပေါင်းဖြေဆိုသူ ၉၅၄ ဦး လာရောက်ဖြေဆိုကြသည်။

မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ လယ်ဝေးခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မန္တလေးလှိုင်းကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဖောင်တော်ချက်မဘုရားအား မူလပုံစံမပျက်ပြန်လည်တည်ထားကိုးကွယ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အလှူငွေများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

# ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြပွဲကျင်းပ

**မကွေး ဇွန် ၁၆**

ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြပွဲကို မကွေးမြို့ ညဈေးတန်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးသည်။

စွမ်းရည်သရုပ်ပြပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ရေပြင်တွင်ဖြစ်ပေါ်လျက်ရှိသော ဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်မှု၊ မီးငြိမ်းသတ်ခြင်းသရုပ်ပြမှုတို့ကို ကြည့်ရှုအားပေးကာ စွမ်းရည်သရုပ်ပြသမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၆**

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁)ရှိအားကစားရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ ပြိုင်ပွဲကာလ၊ ပြိုင်ပွဲကျင်းပမည့်အားကစားကွင်း၊ အားကစားရုံများ၊ ပြိုင်ပွဲတွင် ချီးမြှင့်ပေးမည့်ဆုတံဆိပ်များ၊ ဆုကြေးငွေများနှင့်ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝန်ကြီးဌာနများအလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စုဖွဲ့လေ့ကျင့်ပြင်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**

## ၁၆-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လွမ်းသူ့ပန်းခွေကိုင်အရာရှိနှစ်ဦး၏နောက်တွင် နေရာယူ၍ လွမ်းသူ့ပန်းခွေချမည့်နေရာသို့ ချီတက်စဉ်။

**နေပြည်တော် ဇွန် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ရောက်ရှိကြရာ တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှ စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် လွမ်းသူ့ပန်းခွေကိုင်အရာရှိနှစ်ဦး၏ နောက်တွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏နောက်တွင် တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များသည်လည်းကောင်း အသီးသီးနေရာယူကြပြီး လွမ်းသူ့ပန်းခွေချမည့်နေရာသို့ ချီတက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှ စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Tiananmen Square ရှိ သူရဲကောင်းစစ်သည် ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

# အိမ်မဲမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းအခမ်းအနားကျင်းပ



**အိမ်မဲ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းအခမ်းအနားကို ယမန်နေ့က အိမ်မဲမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာရှိ တောင်သူဦးလှကျော်၏ လယ်မြေ၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက တောင်သူဦးလှကျော်၏လယ်မြေအတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) များအား စက်ကိရိယာများဖြင့် ထယ်ထိုးထည့်သွင်းနေမှုများကို ကြည့်ရှုအားပေးကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ကာ အထွက်နှုန်းကောင်းမွန်စေမည်ဖြစ်ကြောင်း အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် အမှတ်တရလက်မှတ်ရေးထိုးသည်။

ယင်းနောက် သံအမတ်ကြီးက ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် စစ်သံရုံးဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့ရပြီးနောက်ပိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit)အဖြစ် ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး သံရုံး၊ စစ်သံရုံးများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်နှင့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြကြောင်း၊ **စာမျက်နှာ ၁၃ သို့ →**

❖ **မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်နှင့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ် . . .**

❖ **မိမိတို့အစိုးရသစ်၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း တရုတ်နိုင်ငံမှ အပြည့်အဝအသိအမှတ်ပြုထောက်ခံလျက်ရှိပြီး ဆွေးနွေးချက်များအရ ယခုခရီးစဉ်သည် အောင်မြင်ပြီး နှစ်နိုင်ငံအကျိုးကိုဖော်ဆောင်ပေးနိုင်သည့် အပြုသဘောဆောင်သည့် ခရီးစဉ်တစ်ခုဖြစ် . . .**

❖ **နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လို၊ သံတမန်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာအောင်မြင်နိုင်မည်ဖြစ် . . .**

→စာမျက်နှာ ၁၂ မှအဆက်

ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံနှင့်ပြည်သူများအကြား အကျိုးဖြစ်ထွန်းစေနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရသစ်၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း တရုတ်နိုင်ငံမှ အပြည့်အဝ အသိအမှတ်ပြုထောက်ခံလျက်ရှိပြီး ဆွေးနွေးချက်များအရ ယခုခရီးစဉ်သည် အောင်မြင်ပြီး နှစ်နိုင်ငံအကျိုးကိုဖော်ဆောင်ပေးနိုင်သည့် အပြုသဘောဆောင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏စာမျက်နှာသစ်ကို စတင်နေပြီဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းနောက်ခံအခြေအနေများကိုလည်း မှန်မှန်ကန်ကန်သိရှိကြရန်နှင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့နိုင်ငံအနေဖြင့် မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ပညာရေးကဏ္ဍကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အလေးထားအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အချင်းရှိသည့် သင်ကြားရေးဝန်ထမ်းများနှင့် ကလေးငယ်များပေါ်ထွက်လာရေး ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိကြောင်း၊ အသိပညာ၊ အတတ်ပညာများပြည့်ဝပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကသာလျှင် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို အတူတကွလာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံအကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ သံတမန်လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှုကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နိုင်ငံတော်မှအရင်းအနှီးများစွာဖြင့် ပညာတော်သင် စေလွှတ်ခြင်းဖြစ်သဖြင့် အချိန်နှင့်အရင်းအနှီးများကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း။

မိမိတို့ဘဝ တိုးတက်ရေးအတွက်လည်း လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက်တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေလိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး ဉာဏ်ရည်တု AI နည်းပညာသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာရပ်များကိုလည်းလေ့လာသွားကြရန်လိုပြီး မိမိတို့ဘဝတိုးတက်ရေးအတွက်နေ့စဉ်လူမှုဘဝတွင်အကျိုးရှိအောင် အသုံးချသွားကြရန်လိုကြောင်း၊ မိမိတို့ရောက်ရှိနေသည့် ပတ်ဝန်းကျင်ကောင်းကို အကျိုးရှိရှိ အသုံးချသွားနိုင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်သည်များကို ဆောင်ရွက်ခြင်း၊ မဖြစ်သင့်သည်များကို မလုပ်ဆောင်ခြင်းတို့ဖြင့် စေတနာထား၍မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်းမှာကြားသည်။

ထို့နောက်နိုင်ငံတော်သမ္မတက ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံး မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင်သင်တန်းသားများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၁၆

နေပြည်တော် စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၂၅) ဥပဒေရေးရာဝန်ကြီးဌာန၌ကျင်းပရာ သတ်မှတ်နေရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးကပိတောက်ပျိုးပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ကံ့ကော်ပျိုးပင်ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပိတောက်ပျိုးပင်များကိုလည်းကောင်းစိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနရုံးအမှတ် (၂၅) ၏ရှေ့မျက်နှာစာရှိ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်၌ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အခြေခံစားသောက်ကုန်များကို အလွယ်တကူဝယ်ယူနိုင်ရန်၊ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများထံ ဆက်သွယ်မှာယူပြီး တစ်ဆင့်ပြန်လည်ရောင်းချပေးလျက်ရှိရာ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ဆန်နှင့်ဆီများ ရောင်းချပေးမှုကို ကြည့်ရှုအားပေးပြီး ကြက်ဥများကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် "လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားကာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းအတွက်သင်ထောက်ကူပစ္စည်းများနှင့် အလှူငွေကျပ် ၁၀ သိန်း၊ နေပြည်တော် စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်ကိုယ်စားလှယ်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် နေပြည်တော်စွန့်ဦးတီထွင်လုပ်ငန်းရှင် လူငယ်ကိုယ်စားလှယ် ဦးအောင်မျိုးသန့်က "လူငယ်နှင့်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ဟောပြောပြီး နေပြည်တော်လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ဉာဏ်စမ်းပဟေဠိများမေးမြန်း၍ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

## သာယာဝတီ-ပြည် ရထားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သာယာဝတီ ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက သာယာဝတီ - ပြည် ရထားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာယာဝတီ-ပြည် ရထားလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှု၊ သာယာဝတီခရိုင် လက်ပံတန်းဘူတာအဆောက်အအုံများ ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် RBE ရထားတွဲဖြင့် ပြည်ဘူတာသို့ရောက်ရှိပြီး ဘူတာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ဘူတာရှေ့ပန်းခြံအား ပြန်လည်ပြုပြင်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဥသာတိုင်းသား**

★ **စာမျက်နှာ ၁၅ မှအဆက်**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောင်မြင်စွာဖြင့် အပြည့်အဝဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်ရေးကို မဖြစ်မနေဆောင်ရွက်သွားရန်လိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံအုတ်မြစ်အဖြစ် သတ်မှတ်ပြီး NCA လမ်းကြောင်းအတိုင်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံနှင့်ပူးပေါင်း၍လည်း နှစ်နိုင်ငံနယ်စပ်များကို အခြေပြုနေသည့် တရားမဝင်လုပ်ငန်းများကို အမြစ်ပြတ်သည်အထိ ဆက်လက်တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်း။

မိမိ၏ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရာတွင် နယ်စပ်ဂိတ်များသည် အထူးအရေးကြီးပြီး နယ်စပ်ဂိတ်နှင့်ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေးတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပြီး ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် စာမျက်နှာသစ်ကို ဖွင့်လှစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအချင်းချင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်းစတင်သည့်နှစ်ဖြစ်ပြီး လုံခြုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ အေးအတူပူအမျှအသိုက်အဝန်းကိုတည်ဆောက်သွားလိုကြောင်း၊ **မိမိတို့သည် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **မိမိတို့သည် နယ်နိမိတ်ချင်းထိစပ်မှုအရှည်လျားဆုံးနိုင်ငံဖြစ်ပြီး အယုံကြည်ရဆုံးမိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံး လက်တွဲဖက်မိတ်ဖက်နိုင်ငံများဖြစ်** ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားယုံကြည်မှုကို အမြဲတန်ဖိုးထားလျက်ရှိပြီး နှစ်နိုင်ငံအကြား အဆင့်မြင့်ခေါင်းဆောင်များ အချင်းချင်း အပြန်အလှန်ခရီးစဉ်များဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံနိုင်ငံများအကြား ဖြစ်တည်မှု၊ ရပ်တည်မှုအပေါ်တွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံ ရပ်တည်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂမျက်နှာစာတွင်လည်း မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် **နှစ်နိုင်ငံအကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ တရုတ်နိုင်ငံမှဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)၏အစိတ်အပိုင်းဖြစ်သည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ(CMEC) စီမံကိန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားလိုကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ ပြန်ဖွင့်နိုင်ရေး၊ သန့်ရှင်းသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ အရည်အသွေးမြင့်လျှပ်စစ်ပစ္စည်းများထုတ်လုပ်တင်သွင်းနိုင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း ဂေဟစနစ်ထိန်းသိမ်းရေးအတွက်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI)နှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ရှေ့ပြေးနိုင်ငံတစ်ခုအဖြစ်ရပ်တည်လျက်ရှိပြီး နည်းပညာပိုင်းဆိုင်ရာများအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်း တိုးတက်လာမှုနှင့်အတူ လုံခြုံရေးပိုင်းဆိုင်ရာများကိုလည်း ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း။

**နှစ်နိုင်ငံအကြား လုံခြုံရေးပိုင်းဆိုင်ရာနယ်ပယ်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာနယ်ပယ်များတွင်လည်း ခိုင်မာမှုရှိရမည်ဖြစ်**ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲဆောင်ရွက်နေမှုအပေါ်တွင်လည်း ထောက်ခံကြိုဆိုပါကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တိုက်ဖျက်ရေးကို မိမိတို့အနေဖြင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိပြီး ပြန်လည်ဦးမော့လာမှုမရှိစေရေး တင်းတင်းကျပ်ကျပ် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်ပိုင်နက်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေမှုများကို လုံးဝခွင့်ပြုသွားမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် စိတ်ရှည်စွာဖြင့်ဆောင်ရွက်သွားရန် လိုပြီး တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းပင်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် စတင်သည့် ၁၀ နှစ်တာကာလအတွင်း ခိုင်မာအားကောင်းလာခဲ့ပြီး အေးအတူပူအမျှအသိုက်အဝန်းကို ဆက်လက်တည်ထောင်သွားရမည်ဖြစ်ကြောင်း၊ အဖွဲ့၏ရည်မှန်းချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံပြည်သူများအကြား စိတ်နှလုံးသားများနီးစပ်ရမည်ဖြစ်ပြီး အေးအတူပူအမျှအသိုက်အဝန်းကို ဆက်လက်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏အရေးကြီးသည့်အဖွဲ့ဝင်ဖြစ်သည်ကို တရုတ်နိုင်ငံအနေဖြင့်ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ လိုအပ်သည်မှန်သမျှကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေးအတွက် အဆွေတော်သမ္မတကြီး၏ အကြံပြုပြောကြားမှုများအတွက် များစွာကျေးဇူးတင်ရှိပြီး မိမိအနေဖြင့် အလေးထားပါကြောင်း၊ **အဆွေတော် တရုတ်နိုင်ငံသမ္မတကြီး ဆွေးနွေးပြောကြားခဲ့သည့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ယုံကြည်မှုခိုင်မာစေရေး အကျိုးစီးပွားပေါင်းစည်းမှုပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးအရ ခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေး၊ ပြည်သူများအကြား စိတ်နှလုံးနီးစပ်စေရေး စသည့်အချက်များကိုလည်း မိမိအနေဖြင့် အလေးထားထောက်ခံ**ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေကို အသုံးပြု၍ တရုတ်နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့်ကိစ္စရပ်များဖြစ်ပေါ်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ၉၀ ဒသမ ၃ ရာခိုင်နှုန်းသည် ထေရဝါဒဗုဒ္ဓဘာသာ စစ်စစ်ကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြပြီး မြတ်ဗုဒ္ဓ၏ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို များစွာတန်ဖိုးထားပါကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံရှိ မြတ်ဗုဒ္ဓ၏ စွယ်တော်ကို မြန်မာနိုင်ငံသို့ (၅)ကြိမ်မြောက် ကြွချီပြီး မြန်မာပြည်သူများဖူးမြော်ကြည်ညိုခွင့်ရမည်ဆိုပါက အေးအတူပူအမျှအသိုက်အဝန်းနှင့် ယှဉ်တွဲခံစားနေကြမှုများ ပိုမိုလေးနက်လာစေပြီး မြန်မာပြည်သူများကလည်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှုများ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ခင်မင်ရင်းနှီးစွာဖြင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

### နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များအပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားကျင်းပပြုလုပ်မည့် ခန်းမအတွင်းသို့ နှစ်နိုင်ငံသမ္မတနှစ်ဦးဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ခန်းမအတွင်းရှိ ကိုယ်စားလှယ်အဖွဲ့ဝင်များက မတ်တတ်ရပ် လက်ခုပ်တီး၍ကြိုဆိုဂုဏ်ပြုကြသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာ့လုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative–GSI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ မြန်မာ–တရုတ် နှစ်နိုင်ငံအစိုးရများအကြား ကမ္ဘာ့လုံးဆိုင်ရာယဉ်ကျေးမှုအစီအမံ (Global Civilization Initiative–GCI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ကမ္ဘာ့လုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative–GDI) အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့အပါအဝင် နှစ်နိုင်ငံအကြား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ သတင်းမီဒီယာနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၊ နည်းပညာနှင့် အသိပညာဖလှယ်ခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍတို့၌ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

### အထူးဂုဏ်ပြုနေ့လယ်စာအား အတူတကွသုံးဆောင်

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အထူးဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အသင့်စောင့်ကြို လက်ဆွဲနှုတ်ဆက်ကြိုဆိုပြီး ခန်းမအတွင်း အထူးနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

အထူးဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံ စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ဖျော်ဖြေကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှစ်ဦးသည် ဂုဏ်ပြုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့်စစ်တီးဝိုင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အထူးနေ့လယ်စာစားပွဲမှပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးလိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

---

❐ **ကျောဖုံးမှအဆက်**

ဆောင်ရွက်လျက်ရှိသည်။

မအူပင်ရေနံမြေတွင်ပင်းလွှသဲကြောများအား တိုးချဲ့သေနတ်ဖောက်ခြင်းကို တွင်းအမှတ် (၁၈)၊ (၂၀)၊ (၁၆)နှင့် (၁၄)တို့တွင် ဆောင်ရွက်ခဲ့ရာ ယင်းတွင်းများမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၆ ဒသမ ၈ ကုဗပေသန်းခန့်ကိုထုတ်ယူရရှိခဲ့ပြီး အဆိုပါသဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်အရောင်းဆိုင်များသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇွန်လ ၁၂ ရက်တွင် မအူပင်ရေနံမြေ၌ တွင်းအမှတ် (၂၂)ရှိ သဲကြောအား တိုးချဲ့သေနတ်ဖောက်ခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၁ ဒသမ ၄ ကုဗပေသန်းခန့် ထုတ်ယူရရှိခဲ့ဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဓာတ်မြေဩဇာစက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်အရောင်းဆိုင်များသို့ တိုးချဲ့ပေးပို့ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် **"ပြည်သူလူထု၏သယံဇာတအား ပြည်သူ့ထံသို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တိုးချဲ့ရှာဖွေထုတ်လုပ်ပေးနိုင်ရေးနှင့် ပြည်ပမှ စွမ်းအင်သွင်းကုန်များလျှော့ချပြီး ပြည်တွင်းစွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရေတို/ရေရှည်အစီအမံများချမှတ်၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

☆ **စာမျက်နှာ ၁၇ မှအဆက်**

ပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုများနှင့် နွေးထွေးစွာ ဧည့်ဝတ်ပြုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုခရီးစဉ်သည် မိမိနိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူပြီးနောက် ပထမဆုံး နိုင်ငံတော်အဆင့်ခရီးစဉ်(State Visit)ဖြစ်သည့်အတွက်မိမိအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအားနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် နာရီပိုင်းအတွင်း၌ အဆွေတော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို လက်ခံရရှိခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့လည်း အဆွေတော်၏အထူးကိုယ်စားလှယ်ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျန်းရှင်းကျစ်ကို စေလွှတ်ပေးခဲ့ပါကြောင်း၊ ယင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြန်မာနိုင်ငံအစိုးရသစ်အပေါ် အလေးအနက်ထားမှုနှင့် မိမိတို့နှစ်ဦးအကြား ခင်မင်ရင်းနှီးမှုကို ပြသနေခြင်းပင်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ အလံများဝှေ့ယမ်းကြိုဆိုလျက်ရှိသည့်ကလေးငယ်များအား လက်ပြနှုတ်ဆက်ကြစဉ်။

**❖ အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ပင်ဖြစ် . . .**

**❖ မိမိတာဝန်ယူသည့်အချိန်တွင် စာမျက်နှာသစ်ဖွင့်မည်ဟုပြောခဲ့ကာ နိုင်ငံနှင့်ကိုက်ညီသည့်နိုင်ငံရေးစနစ်ကို သက်ဆိုင်သူအားလုံးလိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်နေ . . .**

**❖ နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ . . .**

မိမိအနေဖြင့် အဆွေတော်၏ဖိတ်ကြားချက်ကို အထူးအလေးထားပြီး လာရောက်ခဲ့ခြင်းဖြစ်ပြီး မိမိအနေဖြင့် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မှု ၁၃ ကြိမ်မြောက်ခရီးလည်းဖြစ်ကြောင်း၊ **အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ပင်ဖြစ်**ကြောင်း။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာကျင့်သုံးလျှောက်လှမ်းလျက်ရှိပြီး **မိမိတာဝန်ယူသည့်အချိန်တွင် စာမျက်နှာသစ်ဖွင့်မည်ဟုပြောခဲ့ကာ နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို သက်ဆိုင်သူအားလုံး လိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက်နေ**ပါကြောင်း။

မိမိတို့နှစ်ဦးအနေဖြင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ဖူးကြပြီး **နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ၏ထိတွေ့ဆက်ဆံရေးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ**နေပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့် အစိုးရသစ်စတင်တာဝန်ယူနေပြီဖြစ်ပြီး အစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည့်ကာလဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း မတ်လဆန်းပိုင်းတွင် အရေးကြီးအစည်းအဝေးဖြစ်သည့် (၁၄) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီအစည်းအဝေး(Two Sessions)ကိုကျင်းပခဲ့ပြီး ချမှတ်ခဲ့သည့် (၁၅)ကြိမ်မြောက် ငါးနှစ်သက်တမ်းအတွက် အရေးကြီးသည့် မူဝါဒများကို ချမှတ်ကျင့်သုံးနေချိန်ဖြစ်ကြောင်း၊ Two Sessions အစည်းအဝေးတွင် ချမှတ်ခဲ့သည့် မဟာဗျူဟာဦးတည်ချက်များသည် တရုတ်နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာအခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားဖော်ဆောင်ပေးမည့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားရန် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ ကျင့်သုံးလျက် အိမ်နီးချင်းကောင်းဆက်ဆံရေးခိုင်မာစွာ ထိန်းသိမ်းထားလျက်ရှိပါကြောင်း၊ ထို့အပြင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး လိုအပ်သည့်အချိန်တွင် အပြန်အလှန်ကူညီပံ့ပိုးရပ်တည်ပေးသည့်နိုင်ငံများဖြစ်ကြပါကြောင်း၊ ယခုကဲ့သို့ အခါအခွင့်သင့်သည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အပြည့်အဝထောက်ခံကြောင်း ထပ်လောင်းအတည်ပြုလိုပါကြောင်း၊ ထို့အပြင် အဆွေတော်ဦးစီးဖော်ဆောင်နေသည့် ကမ္ဘာလုံးဆိုင်ရာအစီအမံများဖြစ်သော GGI၊ GSI၊ GDI နှင့် GCI တို့ကို ထောက်ခံကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေပြီး နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ယင်းဒေသများရှိ နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် **စာမျက်နှာ ၁၄ သို့** ☆


**❖ မိမိတို့သည် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်၊ မိမိတို့သည် နယ်နိမိတ်ချင်းထိစပ်မှုအရှည်လျားဆုံးနိုင်ငံဖြစ်ပြီး အယုံကြည်ရဆုံး မိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံး လက်တွဲဖက်မိတ်ဖက်နိုင်ငံများဖြစ် . . .**

**❖ နှစ်နိုင်ငံအကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .**

**❖ နှစ်နိုင်ငံအကြား လုံခြုံရေးပိုင်းဆိုင်ရာနယ်ပယ်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာနယ်ပယ်များတွင်လည်း ခိုင်မာမှုရှိရမည်ဖြစ် . . .**

**❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit)လာရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆို . . .**


**❖ မိမိတို့နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့်ပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဟုယုံကြည် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အလေးပြုကြိုဆိုကြကာ ထရမ့်ပတ်အဖွဲ့ကလည်း တီးမှုတ်ဂုဏ်ပြုကြိုဆိုကြသည်။ အလားတူ ဂုဏ်ပြုအမြောက်တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားအနောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက မြန်မာဘက်မှကိုယ်စားလှယ်များအား ဦးစွာလိုက်လံနှုတ်ဆက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက တရုတ်ဘက်မှ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ အလေးပြုခုံစင်မြင့်ထက်တွင်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကိုခံယူကြစဉ်။

ဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အသင့်စောင့်ကြိုနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး နှစ်နိုင်ငံအလံများ နောက်ခံထား၍ လက်ဆွဲနှုတ်ဆက်ကြရာ မီဒီယာများက မှတ်တမ်းရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် လျှောက်လမ်းအတိုင်း ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်စင်မြင့်နေရာသို့ အတူတကွသွားရောက်ကြသည်။ အလေးပြုခုံစင်မြင့်ကိုယ်စားလှယ်များအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် အလေးပြုခုံစင်မြင့်ထက်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကိုခံယူကြကာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့အလံရှိရာသို့ သွားရောက်၍ ဦးညွှတ်အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးပြီး နိုင်ငံတော်သမ္မတနှစ်ဦးသည် အလံများဝှေ့ယမ်းကြိုဆိုလျက်ရှိသည့် ကလေးငယ်များအား လက်ပြနှုတ်ဆက်၍ အလေးပြုခုံစင်မြင့်ထက်တွင် ပြန်လည်နေရာယူကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုထွက်ခွာမှုကို ခံယူကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်မည့်ဖူကျန့်ခန်းမဆောင်သို့ အတူတကွထွက်ခွာကြသည်။

## တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဖူကျန့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က **တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆို**ပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို သက်ဝင်ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုသည် ၇၆ နှစ်မြောက်ကာလသို့ရောက်ရှိပြီဖြစ်ပြီး အေးအတူပူအမျှအသိုက်အဝန်းကို ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အထူးတန်ဖိုးထားရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် နယ်မြေပိုင်ဆိုင်မှုကိုအလေးထားပါကြောင်း၊ **မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးစဉ်။

**❖ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်ထောက်ခံ . . .**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်**

**❖ အဆွေတော် တရုတ်နိုင်ငံသမ္မတကြီး ဆွေးနွေးပြောကြားခဲ့သည့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ယုံကြည်မှုခိုင်မာစေရေး၊ အကျိုးစီးပွားပေါင်းစည်းမှုပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးအရခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေး၊ ပြည်သူများအကြား စိတ်နှလုံးနီးစပ်စေရေး စသည့်အချက်များကိုလည်း မိမိအနေဖြင့်အလေးထားထောက်ခံ . . .**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

**တိုးတက်ရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ထောက်ခံ**ပါကြောင်း၊ ယခင်နှစ်အတွင်း မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုအပေါ် ဘက်စုံအကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ **မိမိတို့နှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ကောင်းကျိုးများကိုဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဟုယုံကြည်**ပါကြောင်းဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး **စာမျက်နှာ ၁၅ သို့**☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှသက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the People's Republic of China Mr. Xi Jinping warmly welcomes President of the Republic of the Union of Myanmar U Min Aung Hlaing, who is on a State Visit to PRC; holds a meeting with the focus on the mutual benefits of both countries



President U Min Aung Hlaing inspects the Guard of Honour.

NAY PYI TAW June 16

President of the People's Republic of China Mr. Xi Jinping warmly welcomed President of the Republic of the Union of Myanmar U Min Aung Hlaing, who is currently on a State Visit to China at the invitation of President Mr. Xi Jinping, at the Great Hall of the People with a Guard of Honour, and held talks with his Myanmar counterpart this morning.

**A warm welcome**

President U Min Aung Hlaing arrived at the Great Hall of the People in a motorcade, and as soon as the President reached the entrance staircase, the Guard of Honour (Army, Navy and Air) of the People's Liberation Army of China that took up positions on both sides of the stairs welcomed him with a salute, alongside a musical welcome accorded by the trumpet band. In addition, the artillery Guard of Honor also honored the Myanmar President with a 21-gun salute and a military parade.

President U Min Aung Hlaing was cordially welcomed by President Mr. Xi Jinping, who was waiting in readiness, and they shook hands against the backdrop of the national flags of both countries. The media took photos of the handshake.

Together, the two Presidents walked along the red carpet toward the dais where the honor guard would welcome them. At the back of the dais, the Chinese President greeted representatives from Myanmar individually and the Myanmar President also greeted the Chinese representatives individually.

After taking their positions on the dais, the two Presidents took the salute accorded with the national anthems of both countries. They then proceeded to the place where the Flag of

See Page - 22►►



President U Min Aung Hlaing and President Mr. Xi Jinping grace the agreement signing ceremony.

►► From Page - 22

# ယခုရရှိသည့်သဘောတူညီချက်အရ အီရန်အနေဖြင့် မည်သည့်အခါမျှ နျူကလီးယားလက်နက်ပိုင်ဆိုင်ရတော့မည်မဟုတ်



**ပဲရစ်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့က ယခုလက်မှတ်ထိုးထားသည့် သဘောတူညီချက်အရ အီရန်နိုင်ငံသည် မည်သည့်အခါမျှ နျူကလီးယားလက်နက်ကိုပိုင်ဆိုင်ရတော့မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန်လ ၁၆ ရက်တွင်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အီရန်နဲ့သဘောတူညီချက်ကိုရရှိခဲ့ပါပြီ။ အဲဒီသဘောတူညီချက်က အောင်မြင်ပါလိမ့်မယ်။ ပြီးတော့ နောက်တစ်ဆင့်ကိုဆက်သွားမှာပါ။ အဲဒီအဆင့်မှာတော့ ဆွေးနွေးမှုတွေက အခုထက်ပိုပြီးလွယ်ကူပါလိမ့်မယ်" ဟု ထရမ့်က ပြင်သစ်နိုင်ငံ၌ကျင်းပသော G7 ထိပ်သီးညီလာခံ၌ သတင်းထောက်များကိုပြောသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သည် အီရန်နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာဘီလီယံ ၃၀၀ ပေးမည်ဟူသောသတင်းသည် ကောလာဟလသာဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် အီရန်နိုင်ငံ၌ မည်သည့်ရင်းနှီးမြှုပ်နှံမှုမျှမရှိနေကြောင်း ထရမ့်ကဆက်ပြောသည်။

ထို့အတူ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအနေဖြင့် လက်ဘနွန်နိုင်ငံနှင့်ပတ်သက်၍ ပိုမိုတာဝန်ခံရတော့မည်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံက လက်ဘနွန်နှင့် ဟစ်ဇဘိုလာတို့အပေါ် ၎င်းတို့သဘောရှိသည့်အတိုင်းလုပ်ဆောင်နေမှုကို ထရမ့်အနေဖြင့် သဘောမကျကြောင်း၊ အစ္စရေးအနေဖြင့် ဟစ်ဇဘိုလာကိစ္စကို ဆီးရီးယားထံသို့သာ တာဝန်လွှဲထားစေချင်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် အကောင်းဆုံးလုပ်နိုင်ကြောင်း ထရမ့်က ပြောထားသည်။

**Ref: Xinhua**

## အယ်နီညိုကိုရင်ဆိုင်ရန် ထိုင်းနိုင်ငံက ရာသီဥတု Database တည်ဆောက်မည်

**ဘန်ကောက်၊ ရာသီဥတု**

၂၀၂၇ ခုနှစ် အစောပိုင်းကာလအထိ တည်ရှိနေနိုင်သည်ဟု ကမ္ဘာ့အေဂျင်စီများ ခန့်မှန်းထားသည့် အယ်နီညိုရာသီဥတုဖြစ်စဉ်အတွက်ကြိုတင်ပြင်ဆင်ရန် ထိုင်းနိုင်ငံက ရာသီဥတုဆိုင်ရာ Database ကို တည်ဆောက်နေကြောင်း သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ဇွန်လ ၁၆ ရက်တွင်ထုတ်ပြန်သည်။

ကမ္ဘာကြီးအနေဖြင့် ဇွန်လနှင့်ဇူလိုင်လအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပွားမှုနှင့်စတင်ရင်ဆိုင်ရမည်ဖြစ်ပြီး နိုဝင်ဘာလနှင့် လာမည့်နှစ် ဇန်နဝါရီလကြားတွင် အပြင်းထန်ဆုံးဖြစ်မည်ဖြစ်ကြောင်း နိုင်ငံတကာမှ ရာသီဥတုဆိုင်ရာအေဂျင်စီများ၏ ထုတ်ပြန်ချက်ကိုကိုးကား၍ ဝန်ကြီးဌာနကဖော်ပြထားသည်။

ယခုတည်ဆောက်နေသည့် Database သည် ပြင်းထန်သည့်ရာသီဥတုအခြေအနေနှင့်ရင်ဆိုင်ရချိန်တွင် အန္တရာယ်ရှိသောနေရာများ၊ လယ်မြေများကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သောကြောင့် သဘာဝဘေးဆိုင်ရာကြိုတင်ကာကွယ်ရေးကို ထိရောက်စွာလုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

## အိန္ဒိယက ဆေးဆိုင်များသို့ ချောင်းဆိုးပျောက်ဆေး ရောင်းချမှုကိုကန့်သတ်

**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယအစိုးရသည် ဆေးဆိုင်များသို့ ချောင်းဆိုးပျောက်ဆေးအရည်များရောင်းချမှုကိုကန့်သတ်လိုက်ကြောင်း၊ အဓိကအားဖြင့်ကျေးရွာများရှိ ဆေးဆိုင်များသို့ ရောင်းချမှုကန့်သတ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်နှစ်တွင် ကလေးချောင်းဆိုးပျောက်ဆေး၌ မသန့်ရှင်းသည့်အရာများပါဝင်သောကြောင့် လူသေဆုံးမှုများဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက ဆေးဝါးများနှင့်ပတ်သက်၍ စစ်ဆေးမှုများကို ပိုမိုကြပ်မတ်လာခြင်းဖြစ်သည်။

ယခင်က ချောင်းဆိုးပျောက်ဆေးအရည်အချို့သည် ကန့်သတ်မှုမှကင်းလွတ်ခွင့်ရရှိထားသော်လည်း ပြည်သူများသည် အဆိုပါဆေးအရည်များကို ဆရာဝန်ထံမှဆေးစာမပါဘဲ ဝယ်ယူအသုံးပြုမှုများပြားလာခြင်းကြောင့် ယခုအခါ ထိုချောင်းဆိုးပျောက်ဆေးအရည်များကိုပါ ကန့်သတ်စာရင်းထဲထည့်လိုက်ခြင်းဖြစ်သည်။ ဆေးပြားများကိုမူ ဆက်လက်ရောင်းချခွင့်ပြုပေးထားကြောင်းသိရသည်။

**Ref: ST**

## အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း၌ ဇွန်လ ၁၆ ရက်တွင် အင်အားအသင့်အတင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်းနှင့် လက်ရှိတွင် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူမရှိသေးကြောင်း တာဝန်ရှိသူများကပြောသည်။

အင်အား ၆ ဒသမ ၇ မဂ္ဂနီကျူးရှိငလျင်တစ်ခုသည် နိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်ရှိ ပါလူးမြို့အရှေ့-အရှေ့တောင်ဘက်တွင်လှုပ်ခတ်ခြင်းဖြစ်ကြောင်း၊ ထိုငလျင်ကြောင့် ဆူနာမီလှိုင်းရိုက်ခတ်နိုင်မှု သတိပေးချက်ထုတ်ပြန်ရန်မလိုကြောင်း တာဝန်ရှိသူများကပြောသည်။

ငလျင်ဗဟိုချက်က မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ခတ်ခြင်းဖြစ်ကြောင်း၊ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် အင်အား ၅ ဒသမ ၂ မဂ္ဂနီကျူးရှိ ငလျင်အပါအဝင် နောက်ဆက်တွဲငလျင်များစွာလှုပ်ခတ်ကြောင်းနှင့် အဆောက်အအုံပျက်စီးမှုများရှိကြောင်း သိရသည်။

**Ref: ST**

## အမေရိကန်၏ B-52 ဗုံးကြဲလေယာဉ် ပျက်ကျမှုဖြစ်ပွား လူရှစ်ဦးသေဆုံး



**လော့အိန်ဂျလိ၊ မတော်တဆမှု**

လူရှစ်ဦးကိုတင်ဆောင်လာသော အမေရိကန်လေတပ်မှ B-52 Stratofortress ဗုံးကြဲလေယာဉ်သည် ဇွန်လ ၁၅ ရက်တွင် ပျက်ကျမှုဖြစ်ပွားရာ လိုက်ပါလာသူရှစ်ဦးစလုံးသေဆုံးပြီး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါဗုံးကြဲလေယာဉ်သည် ကယ်လီဖိုးနီးယားပြည်နယ် မိုဂျေ့ကန္တာရရှိ အတ်ဝဲ့လေတပ်စခန်းမှ ပျံသန်းထွက်ခွာပြီးမကြာမီမှာပင် ပျက်ကျသွားခြင်းဖြစ်ကြောင်း လေတပ်စခန်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုဗုံးကြဲလေယာဉ်သည် ပုံမှန်လုပ်နေကျစမ်းသပ်မှုလုပ်ငန်းလုပ်ဆောင်ရန် ထွက်ခွာသွားခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျမှုဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများ အပြေးအလွှားသွားရောက်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်သော်လည်း လေယာဉ်ပေါ်တွင် အသက်ရှင်ကျန်ရစ်သူမရှိကြောင်းနှင့် လေယာဉ်ပျက်ကျမှု ဖြစ်ပွားရသည့်အကြောင်းရင်းကိုမူ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း လေတပ်စခန်း၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် လေယာဉ်ကွင်းကိုပိတ်ထားလိုက်ပြီး ဆင်းသက်မည့်လေယာဉ်များကိုလမ်းကြောင်းလွှဲပေးလိုက်ရကြောင်းနှင့် လက်ရှိအချိန်တွင် လေတပ်စခန်းသို့ဝင်ထွက်မှုများ ဆိုင်းငံ့ထားကြောင်းသိရသည်။

**Ref: Xinhua**

## အလိုအလျောက်သုံးလက်နက်များက အကြမ်းဖက်မှုမဖန်တီးစေရန် ကုလသမဂ္ဂတိုက်တွန်း

**ဂျီနီဗာ၊ စစ်လက်နက်**

လက်ရှိကမ္ဘာ့နိုင်ငံများတွင် အသုံးပြုလာနေသော အလိုအလျောက်စနစ်အသုံးပြုလက်နက်များအနေဖြင့် အကြမ်းဖက်မှုများကိုမဖန်တီးနိုင်စေရေးအတွက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ရန်ကုလသမဂ္ဂကတိုက်တွန်းလိုက်သည်။

"အခုအချိန်မှာ စစ်ပွဲဆင်နွှဲမှုပုံစံတွေက ပြောင်းလဲလာနေတာကို မြင်တွေ့နေရပါတယ်။ လူအများအပြားကိုသေဆုံးစေနိုင်တဲ့ အလိုအလျောက်စနစ်အသုံးပြု လက်နက်များဖွံ့ဖြိုးတိုးတက်လာမှုနဲ့ပတ်သက်ပြီးတော့လည်း ကုလသမဂ္ဂအနေနဲ့လွန်ခဲ့တဲ့နှစ်များစွာကတည်းက သတိပေးခဲ့ပါတယ်" ဟု ကုလသမဂ္ဂ၏လူ့အခွင့်အရေးကောင်စီအကြီးအကဲ ဗော်ကာတာ့ကပြောသည်။

အထူးသဖြင့် လက်ရှိဖြစ်ပွားနေသော စစ်ပွဲများတွင် ဒရုန်းများကိုတွင်ကျယ်စွာအသုံးပြုလာနေကြောင်း၊ ထိုဒရုန်းများ၏ တိုက်ခိုက်မှုကြောင့် လူများအစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်ပေါ်နေကြောင်း၊ ထိုသို့တိုက်ခိုက်မှုများကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်ခံနေရကြောင်း ဗော်ကာတာ့ကပြောထားသည်။

ထို့အတူ AI နည်းပညာကို တွင်ကျယ်စွာအသုံးပြုလာသည်နှင့်အမျှ အချို့သောလက်နက်များသည် လူသားများ၏ထိန်းချုပ်မှုမှလွတ်ကင်းသွားနိုင်ကြောင်း ၎င်းက သတိပေးထားသည်။

**Ref: ST**



# နိုင်ငံ့အရေး ရည်သန်တွေးလို့ မိုင်တွေမည်မျှဝေးပါစေ

ကေဇက်ဟိန်း(PPIB)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဒီကနေ့ ၂၀၂၆ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (State Visit)ခရီးကို စတင်ခဲ့ပါပြီ။ ပြန်တွေးကြည့်ရင် နိုင်ငံတော်သမ္မတတာဝန်ယူပြီးစဉ်မှစတင်ပြီး ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်ဟာ အကြီးအကဲရဲ့ ဒုတိယမြောက် ပြည်ပခရီးစဉ်ပဲဖြစ်ပါတယ်။

အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့စုံမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တွေကိုမနေမနားသွားနေတာကို တွေ့မြင်ရမှာဖြစ်သလို ပြည်တွင်းပြန်ရောက်တဲ့ အခါမှာလည်း အခြားသောပြည်ပနိုင်ငံအကြီးအကဲများလာရောက်ပြီး နှစ်နိုင်ငံအရေးဆွေးနွေးဆောင်ရွက်မှုတွေမပြတ်ဆောင်ရွက်နေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုများနဲ့ မိတ်ဖက်နိုင်ငံများကြား ရင်းနှီးချစ်ကြည်မှု အစွန့်ရှည်တည်တံ့ခြင်းများကို ညွှန်းဆိုပြသနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ထဲမှာလည်း နိုင်ငံတော်အတွက်ဆိုသည့် စိတ်ရင်းစေတနာဟာ အထင်းသားပါပဲ။ ရင်ထဲက စေတနာစိတ်ကြောင့် နိုင်ငံ့အရေးရည်သန်တွေးလျက် မိုင်တွေမည်မျှဝေးပါစေ နိုင်ငံတော်အကြီးအကဲအနေနဲ့ ခရီးဆက်နေဦးမှာပဲဖြစ်ပါတယ်။

မိုးသားတိမ်စိုင်အုံ့မှိုင်းဝေတဲ့ နံနက်ခင်းတစ်ခု။ နေပြည်တော် တပ်မတော်လေဆိပ်ဝန်းကျင်တစ်ခွင်ကလည်း ဝသန်မိုးရိပ်များနဲ့သာယာဖွယ်။ နိုင်ငံတော်သမ္မတကြီးကို ကြိုဆိုပို့ဆောင်နှုတ်ဆက်နေတဲ့ တာဝန်ရှိသူများမှာလည်း အပြုံးကိုယ်စီနဲ့သာ။ သက်ရှိလူသားများတင်မက ဝသန်လေပြည်များရဲ့စည်းချက်အောက်ဝယ် သစ်ပင်ပန်းမန်လေးများကလည်း ကြိုဆိုပို့ဆောင်နှုတ်ဆက်နေဟန် မြင်နေရပါသေးတယ်။ ထိုမြင်ကွင်းလေးကိုမြင်ရင်း စာရေးသူပြုံးမိလိုက်ပါတယ်။ ဤနံနက်ခင်းကား အပြုံးကိုယ်စီဖြင့် စီခြယ်ထားသော နံနက်ခင်းတစ်ခုမို့ ဘယ်ပန်းချီရေးလို့လည်း မီနိုင်မယ်မထင်ပါ။ ဒီလိုနဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့ လိုက်ပါတဲ့ အထူးလေယာဉ်ဟာ ဝေဟင်အထက်ကို တရွေ့ရွေ့ပျံသန်းရင်း ဆွေမျိုးပေါက်ဖော်အိမ်နီးချင်းတို့ရှိရာ တရုတ်နိုင်ငံကို ဦးတည်ခဲ့ပါပြီ။

နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဒီကနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့ Capital လေဆိပ်ကိုရောက်ရှိခဲ့ပါတယ်။ ဆွေမျိုးပေါက်ဖော်အိမ်နီးချင်းတို့ရှိရာ ပေကျင်းမြေကို နင်းလိုက်သည်ဆိုလျှင်ပဲ နိုင်ငံတော်အကြီးအကဲတို့ကို ကနဦးကြိုဆိုလိုက်တာကတော့ ကြည်လင်သာယာတဲ့ ရာသီဥတုလေးပါပဲ။ လေယာဉ်ပေါ်က ဆင်းလိုက်တာနဲ့ ကော်ဇောနီလျှောက်လမ်းရဲ့တစ်ဖက်တစ်ချက်မှာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များနဲ့ နိုင်ငံတော်အဆင့် (State Visit)နဲ့အညီ ခရီးဦးကြိုပြင်ဆင်မှုမျိုးကို တွေ့ရပါတယ်။

ဒီနောက်မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Liu Wei ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ တာဝန်ရှိသူများက ရင်းနှီးနွေးထွေးမှုများနဲ့ ကြိုဆိုနေတာကိုလည်း တွေ့မြင်ရပါတယ်။ ကိုယ့်နိုင်ငံတော်သမ္မတကို ခမ်းနားစွာကြိုဆိုပုံကို မျက်ဝါးထင်ထင်မြင်လိုက်တဲ့အခါမှာ ယခင်ရက်အနည်းငယ်က အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်ရဲ့ တရုတ်နိုင်ငံခရီးစဉ်ကိုလည်း အမှတ်မထင် မြင်ယောင်မိလိုက်ပါသေးတယ်။ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ နောက်ခံမှာ တလူလူလွင့်နေတဲ့ အမိနိုင်ငံတော်အလံတော်ကို ခံစားသက်ဝင်မြင်ယောင်မိရင်း စာရေးသူ ကျေနပ်စွာပြုံးမိလိုက်ပါတယ်။ ဒီအပြုံးကိုတော့ စာဖတ်သူအားလုံး နားလည်နိုင်မယ် ထင်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Liu Wei ဦးဆောင်သည့် အစိုးရအဖွဲ့မှတာဝန်ရှိသူများက ပေကျင်းမြို့ Capital လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်ကြသည့် နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြုကြိုဆိုကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အာကာသမြို့တော် (Aerospace City) အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဟာနိုင်ငံတော်ဧည့်ဂေဟာကျောက်ယို့ထိုင်ဆီကို အထူးယာဉ်တန်းနဲ့ ပေကျင်းလေဆိပ်ကတစ်ဆင့် ခရီးဆက်ခဲ့ပြန်ပါတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာလည်း တရုတ်-မြန်မာအလံတော်တွေကို စိုက်ထူပြီး အလေးအမြတ်ထားပြီး ကြိုဆိုထားပုံကိုလည်း တွေ့မြင်ရပါတယ်။ ပြည်ပရပ်ခြားမှာ တလူလူလွင့်ဝဲနေတဲ့ အမိနိုင်ငံတော်အလံဟာ ပိုမိုလေးမြတ်ပြီး ဝင့်ထည်လို့နေပါတယ်။ ဂုဏ်ယူပီတိစိတ်နဲ့ မျက်ရည်စတောင် ဝဲမိပါသေးတယ်။

စားကောင်းသောက်ဖွယ်တွေ စားရချိန်မှာ ခင်ရာမိတ်ဆွေတွေကို အမှတ်ရမိသလို ပေကျင်းမြို့ရဲ့ မြို့ပြပုံရိပ်တွေနဲ့ ဆက်စပ်ပြီး မျှဝေပေးချင်ပါသေးတယ်။ ကြည်လင်တဲ့ရာသီသဘာဝနဲ့အတူပေကျင်းမြို့ရဲ့ ခေတ်မီသပ်ရပ်လှပတဲ့ အလှတရားကလည်း ဆွဲဆောင်မှုတစ်မျိုးပါပဲ။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီမှာ စိုက်ပျိုးထားတဲ့ ရောင်စုံခြယ်ပန်းအလှများကလည်း လေအဝှေ့နဲ့အတူ ယိမ်းနွဲ့ကပြခရီးဦးကြိုပြုနေသလားပင်။ လမ်းတစ်လျှောက်မှာ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးတွေကို စီစီညီလို့ တွေ့ရပါတယ်။ သို့ပေသိ အပင်များအောက်မှာ ရာသီအရ သစ်ရွက်ကြွေတွေနဲ့ ပြန့်ကျဲနေတာကို မတွေ့ရပါဘူး။ ဒီတစ်ချက်ဟာ ခေတ်မီမြို့ပြသန့်ရှင်းသာယာလှပရေးအပေါ် စနစ်တကျစီမံထားနိုင်တဲ့အချက်တစ်ချက်ပါပဲ။ Green City အပြင် Smart City ရဲ့သွင်ပြင်လက္ခဏာရပ်တွေကို ပြသထားတဲ့ အခင်းအကျင်းတစ်ခုလို့ မြင်မိပါတယ်။ စာရေးသူတို့ နိုင်ငံသူနိုင်ငံသားအားလုံး အတုယူဖွယ်ရာတစ်ခုပဲဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ အထူးယာဉ်တန်းနဲ့အတူ ပေကျင်းမြို့ နိုင်ငံတော်ဧည့်ဂေဟာ ကျောက်ယို့ထိုင်ကိုရောက်ရှိခဲ့ပါပြီ။ စာရေးသူအနေနဲ့ ပေကျင်းမြို့က နိုင်ငံတော်ဧည့်ဂေဟာ ကျောက်ယို့ထိုင်အကြောင်းနဲ့ အနည်းငယ်မိတ်ဆက်ပေးလိုပါတယ်။

နိုင်ငံတော်ဧည့်ဂေဟာ ကျောက်ယို့ထိုင်ဟာ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ သံတမန်ရေးရာကိစ္စရပ်တွေ ဆောင်ရွက်မှုကို လက်ခံကျင်းပတဲ့ အဓိကနေရာတစ်ခုပဲဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်တဲ့ ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၅၉ ခုနှစ်မှာ နိုင်ငံတော်အဆင့်ဧည့်သည်တော်များအတွက် သီးသန့်တည်ဆောက်ထားတာပဲဖြစ်ပါတယ်။ အစိုးရပိုင်းဆိုင်ရာကိစ္စရပ်တွေအတွက်သာ အသုံးပြုတာမို့ အများပြည်သူဝင်ရောက်မှုကိုတော့ ကန့်သတ်ထားတဲ့ အထူးနေရာတစ်ခုပဲဖြစ်ပါတယ်။ ယနေ့စာရေးသူတို့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိနေတာဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အရေးပါတဲ့နေရာတစ်ခုသာဖြစ်ပါတယ်။ ဒီအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်မိပါတယ်၊ ထပ်ပြီးတော့ပေကျင်းမြို့အကြောင်းလေးလည်း မျှဝေပေးပါဦးမယ်။

စာမျက်နှာ ၂၈ သို့ ❍

○ **စာမျက်နှာ ၂၇ မှအဆက်**

ပေကျင်းမြို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ရဲ့ မြို့တော်တစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ နိုင်ငံတကာ ဆက်ဆံရေးနဲ့ သိပ္ပံနည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုဗဟိုချက်တစ်ခုအဖြစ် တည်ရှိနေတဲ့မြို့တော်တစ်ခုပဲဖြစ်ပါတယ်။ ပေကျင်းမြို့မှာ ရှေးဟောင်းကေရာဇ်ခေတ် အတိတ်သမိုင်းကြောင်းနဲ့ ကျယ်ပြန့်လှတဲ့ ခေတ်မီအဆင့်မြင့်နည်းပညာ အခြေခံ အဆောက်အအုံတွေကို တစုတစည်းတည်း ပေါင်းစပ်ထားတာကိုလည်းတွေ့မြင်ရပါတယ်။

ဒါ့အပြင် ပေကျင်းမြို့ဟာ နှစ်ပေါင်း ၃၀၀၀ ကျော်သက်တမ်းရှိပြီး တရုတ်နိုင်ငံ ကျိုး(Zhou)မင်းဆက်က စတင်ခဲ့တဲ့ သမိုင်းကြီးမားတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ယွမ်မင်းဆက်၊ မင်မင်းဆက်၊ ချင်မင်းဆက်တို့လက်ထက်ကတည်းက အဆင့်ဆင့်တည်ထောင်ခဲ့တဲ့ ရှေးကျတဲ့ မြို့ကြီးတစ်မြို့လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ပေကျင်းမြို့မှာ နွေရာသီနန်းတော်ဟောင်းနဲ့ နန်းတော်သစ်လို ကျယ်ဝန်းတဲ့ မြို့ပြင်အပန်းဖြေစံအိမ်ကြီးတွေကို တွေ့မြင်ရတာဖြစ်ပါတယ်။

မြို့တော်ကို ခရိုင် ၁၆ ခုနဲ့ ဖွဲ့စည်းတည်ထောင်ထားပါတယ်။ မြို့ပြခရိုင်၊ မြို့ပြင်၊ ကျေးလက်ခရိုင်ဆိုပြီး ခရိုင်အမျိုးအစား သုံးခုနဲ့ ဖွဲ့စည်းအုပ်ချုပ်တာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးအရဆိုရင်တော့ ပေကျင်းမြို့မှာ အဆင့်မြင့်နည်းပညာ တီထွင်ဆန်းသစ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊

**❖ နိုင်ငံတော်မှာ စီးပွားရေးတိုးတက်မှသာ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာမှာမို့ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ စီးဝင်စေဖို့ဆောင်ရွက်မယ်လို့သိရ၊ ဒါ့အပြင် နည်းပညာနဲ့ ကုန်သွယ်မှုကဏ္ဍသစ်တွေဖော်ဆောင်ခြင်းတွေ၊ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့နည်းပညာအကူအညီတွေရရှိရေးနဲ့ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ခြင်းတွေ၊ လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေတွေကို အားဖြည့်ခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ် . . .**

အသင်းအဖွဲ့ချုပ်ရုံးတွေနဲ့ ထူးထူးခြားခြား မြင်တွေ့ရပြီး အာရှမှာ အဆင့်မြင့်ဆုံးသော စီးပွားရေးစနစ်ကို ပိုင်ဆိုင်ထားပါတယ်။ အဓိက စီးပွားရေးမောင်းနှင်အားတွေက တော့ ဝန်ဆောင်မှုကဏ္ဍဖြစ်ပြီး လုပ်ငန်းတွေ အနေနဲ့ ဘဏ်လုပ်ငန်း၊ ဒစ်ဂျစ်တယ် အာမခံလုပ်ငန်း၊ ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းတွေကို အဓိကဦးဆောင်ထားပါတယ်။

စီးပွားရေးအရ ထင်ရှားနာမည်ကြီးတဲ့ နည်းပညာကုမ္ပဏီကြီးတွေ အခြေစိုက်တဲ့ မြို့လည်းဖြစ်ပါတယ်။ ရှန်ဟိုင်းမြို့ပြီးပါက ဒုတိယမြောက် GDP အများဆုံးမြို့အဖြစ် လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင်ပေကျင်းမြို့ဟာ ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာခုနစ်ခုကိုလည်း ပိုင်ဆိုင်ထားပြီး ကမ္ဘာလုံးဆိုင်ရာ အဓိကခရီးသွားနေရာလည်းဖြစ်သလို တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုမြို့တော်တစ်ဖြစ်လဲ ရှိနေပါတယ်။ ပေကျင်းမြို့အကြောင်းကို အနည်းငယ်မျှသာ စာဖတ်သူတို့ဆီ မျှဝေပေးတာပါ။


ဒါဆိုရင် နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရောက်နေတဲ့ ပေကျင်းမြို့ရဲ့တန်ဖိုးကို သိကြပြီဖြစ်သလို နိုင်ငံတော်အကြီးအကဲရဲ့ အိမ်အပြန်ခရီးမှာ နိုင်ငံအတွက်၊ အမျိုးသားအကျိုးစီးပွားအတွက် ဘာတွေပြန်ပါလာနိုင်ပါသလဲ။ စဉ်းစားရင်းစဉ်းစားရင်း အတွေးလေးတွေ ကိုယ်စီပေါ်လာကြမှာပါ။

နိုင်ငံတော်အကြီးအကဲရဲ့ ဒီခရီးစဉ်မှာ ဆောင်ရွက်မယ့် လုပ်ငန်းတွေကို အနည်းငယ်လေ့လာကြည့်ကြရအောင်ပါ။ နိုင်ငံတော်မှာ စီးပွားရေးတိုးတက်မှသာ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာမှာမို့ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ စီးဝင်စေဖို့ဆောင်ရွက်မယ်လို့သိရပါတယ်။ ဒါ့အပြင် နည်းပညာနဲ့ ကုန်သွယ်မှုကဏ္ဍသစ်တွေ ဖော်ဆောင်ခြင်းတွေ၊ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ နည်းပညာအကူအညီတွေ ရရှိရေးနဲ့ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ခြင်းတွေ၊ လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေတွေကို အားဖြည့်ခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးဖို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုက အခြေခံပဲဖြစ်ပါတယ်။ ဒါကြောင့် ပကတိလိုအပ်ချက်ဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ နယ်စပ်ဒေသ တည်ငြိမ်ရေးကိစ္စရပ်တွေကိုတော့ အလေးထားဆွေးနွေးသွားမယ်လို့လည်း သိရပါတယ်။ ဒီခရီးစဉ်ဟာ အမိမြန်မာနိုင်ငံတော်ရဲ့ **“စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု”** လို့တောင် ကောက်ချက်ချရမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နဲ့ အဓိကတွေ့ဆုံသွားမှာဖြစ်ပြီး တစ်ဆက်တည်းမှာပဲ တရုတ်နိုင်ငံဝန်ကြီးချုပ်နဲ့ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတွေ၊ ပြည်နယ်အဆင့်အကြီးအကဲတွေ၊ တရုတ်နိုင်ငံရဲ့စီးပွားရေးအဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးကွန်ဖရင့်ကိုတက်ရောက်ပြီး အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းတွေကိုလည်း လေ့လာသွားမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နဲ့ တွေ့ဆုံစဉ်မှာလည်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး ကိစ္စရပ်တွေ၊ နှစ်နိုင်ငံအစိုးရနဲ့ ပြည်သူတွေအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာတွေနဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ရင်းနှီးနွေးထွေးပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားမှာလည်းဖြစ်ပါတယ်။

မိဘတွေအိမ်အပြင်ထွက်ပြီး ပြန်လာတဲ့အခါ သားသမီးတွေအတွက် လိုချင်တာလေးတွေ၊ လိုအပ်တာလေးတွေ တစ်ခုခုပါလာတာဟာ မိဘနဲ့သားသမီးသဘာဝပါ။ ဒီလိုပါပဲ အမိနိုင်ငံအတွက် အဖအရာမှာ တာဝန်ယူထားတဲ့ နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း နိုင်ငံသူနိုင်ငံသားတွေအတွက် အိမ်အပြန်လက်ဆောင်တွေ ပွေ့ပိုက်ပြီး ပြန်လာနိုင်ဦးမှာပါပဲ။ ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာမှာ လာရောက်တွေ့ဆုံတဲ့ တာဝန်ရှိသူတွေကို မမောနိုင်မပန်းနိုင်တွေ့ဆုံပြီး ပြုံးနေတဲ့ နိုင်ငံတော်အကြီးအကဲကိုကြည့်ရင်း **“နိုင်ငံ့အရေး ရည်သန်တွေးလို့ မိုင်တွေမည်မျှဝေးပါစေ”** ဆိုတဲ့ သူ့ရင်ထဲက ခံစားချက်နှလုံးသားကို ခံစားမြင်ယောင်မိပါကြောင်း ပေကျင်းမြေမှ အမိမြေသို့ စာလွှာပါးလိုက်ရပါတော့တယ်။ ။




## လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၅၀ နှင့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်-၄၄ သင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်-၅၀ နှင့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်-၄၄ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦးက နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်လုံးရှိ စာရင်းလုပ်ငန်းများတွင် စာရင်းပညာရှင်၊ စာရင်းကျွမ်းကျင်သူများအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်သင်ကြားသည့် သင်တန်းများဖြစ်ပါကြောင်း၊ အတတ်ပညာပိုင်းဆိုင်ရာ အရည်အချင်းများ သာမက ကျင့်ဝတ်သိက္ခာမြင့်မားသူများ ဖြစ်ရန်လည်းလိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၅၀ နှင့် ဒီပလိုမာ စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်-၄၄ တို့ကို ယနေ့မှစတင်၍ ဘာသာရပ်ခြောက်ခုစီဖြင့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

### MWD Education, Knowledge & Sports Channel

၁၇-၆-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ မှ ၀၈:၃၇ | Grade-5 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၂။ | ၁၅:၃၀ မှ ၁၆:၀၀ | Grade-5 | လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၆:၀၀ မှ ၁၈:၁၀ | Grade-8 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၄။ | ၁၈:၁၀ မှ ၂၀:၅၀ | Grade-8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

### နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၆

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ဟော်မုရေလက်ကြားပြန်ဖွင့်ပေမယ့်လည်း အမာရွတ်တော့ကျန်နေဦးမည်

ဟော်မုရေလက်ကြားကြီး ပြန်ပွင့်တော့မယ်ဆိုတဲ့ သတင်းက ပါရှန်းပင်လယ်ကွေ့မှထွက်တဲ့ စွမ်းအင်တွေအပေါ် ရာနှုန်းပြည့်နီးပါးအမှီပြုနေရတဲ့ အာရှဒေသစီးပွားရေးအတွက် တကယ်အသက်ရှူချောင်သွားစေမယ့် သတင်းကောင်းပါပဲ။ ပြီးခဲ့တဲ့ မတ်လဆန်းကတည်းက အရှေ့အလယ်ပိုင်းဒေသမှာ စစ်ရေးပဋိပက္ခတွေကြောင့် ဒီရေလက်ကြားကြီးက သုံးလကျော်ကြာပိတ်ဆို့ခံလိုက်ရပါတယ်။ အဲဒီအချိန်ကစလို့ ကမ္ဘာ့စွမ်းအင်ဈေးကွက်မှာသာမကဘဲ အာရှတစ်လွှားက စက်မှုဇုန်တွေပါ အင်ဂျင်ရပ်လုနီးပါးဖြစ်ခဲ့ရတာပါ။ အခုလို အမေရိကန်နဲ့ အီရန်ကြားယာယီအပစ်အခတ်ရပ်စဲပြီး ဟော်မုရေလက်ကြားပြန်ဖွင့်ဖို့ သဘောတူညီချက်ရရှိလိုက်ခြင်းက လက်ရှိအခြေအနေမှာတော့ ကြီးမားတဲ့သက်သာရာရမှုကို ပေးစွမ်းနိုင်မှာသေချာပါတယ်။ ဒါပေမဲ့လည်း ဒီသုံးလကျော်အတွင်းမှာခံစားလိုက်ရတဲ့ စီးပွားရေးဒဏ်ရာဒဏ်ချက်တွေနဲ့ ရိုက်ခတ်မှုတွေက ရေလက်ကြားပွင့်သွားရုံနဲ့ ချက်ချင်းပျောက်ကွယ်မသွားဘဲ ရေရှည်အမာရွတ်တွေအဖြစ်ကျန်ရစ်နေဦးမှာဖြစ်ပါတယ်။

ဟော်မုရေလက်ကြားဆိုတာ ကမ္ဘာ့ရေနံသယ်ယူပို့ဆောင်မှုရဲ့ ငါးပုံတစ်ပုံလောက် ဖြတ်သန်းနေတဲ့ အဓိကအသက်သွေးကြောကြီးပါ။ ဒီလမ်းကြောင်းပိတ်ဆို့သွားတဲ့အတွက် ရေနံစိမ်းဈေးတွေကလည်း တစ်စည်ကို ၁၂၆ ဒေါ်လာအထိ စံချိန်တင်ထိုးတက်သွားပြီး ကာတာကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့အရည်ဈေးတွေပါ လိုက်တက်ကုန်တာမို့ အာရှကစက်ရုံတွေ အကြီးအကျယ်ဒုက္ခရောက်ခဲ့ကြရပါတယ်။ အခု ရေလက်ကြားကြီးပြန်ပွင့်ပြီဆိုတော့ ပင်လယ်ကွေ့ထဲမှာပိတ်မိနေတဲ့ ရေနံတင်သင်္ဘောကြီးတွေ အာရှဘက်ကိုပြန်လည်ဦးတည်လာနိုင်တော့မှာမို့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပြတ်လပ်မှုဒဏ်ကိုအဆိုးရွားဆုံးခံနေရတဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတို့လို အရှေ့တောင်အာရှနိုင်ငံတွေအတွက် တကယ့်ကို အောက်ဆီဂျင်ရလိုက်သလိုပါပဲ။ ပြည်တွင်းမှာ လောင်စာဆီထောက်ပံ့ကြေးတွေကြောင့် ဘဏ္ဍာရေးကျပ်တည်းတဲ့ အစိုးရတွေအနေနဲ့လည်း သက်ပြင်းချနိုင်ပြီဖြစ်သလို တရုတ်နဲ့ အိန္ဒိယတို့လို နိုင်ငံကြီးတွေလည်း လျော့နည်းသွားတဲ့ မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်မှုတွေကို ပြန်ဖြည့်တင်းနိုင်တော့မှာဖြစ်ပါတယ်။

ဒီရေလက်ကြားကြီးပိတ်ဆို့သွားတဲ့ သုံးလတာကာလအတွင်းမှာ အာရှရဲ့အဓိကကုန်ထုတ်လုပ်ငန်းတွေဟာ မကြုံစဖူး ကမောက်ကမဖြစ်မှုတွေနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အထူးသဖြင့် ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက မော်တော်ကားနဲ့ နည်းပညာအခြေခံကုန်ထုတ်စက်ရုံတွေဟာ ရေနံကနေထုတ်လုပ်ရတဲ့ ပလတ်စတစ်နဲ့ ရေနံဓာတုကုန်ကြမ်းတွေ ပြတ်လပ်သွားလို့ အလှည့်ကျစနစ်အသုံးပြုပြီး ထုတ်လုပ်မှုကို လျှော့ချခဲ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ကမ္ဘာလုံးနီးပါးကအသုံးပြုနေတဲ့ ယူရီးယားနဲ့ အမိုးနီးယားဓာတ်မြေဩဇာအများစုကလည်း ဒီရေလက်ကြားကိုဖြတ်ပြီး အာရှလယ်ကွင်းတွေဆီကို လာရတာဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍမှာပါ သီးနှံအထွက်နှုန်းထိခိုက်နိုင်ခြေရှိတဲ့အထိ ဂယက်ရိုက်သွားခဲ့ပါတယ်။ အခုလိုမျိုး ဟော်မုရေလက်ကြားကြီး ပြန်ဖွင့်လိုက်ပြီဆိုပေမယ့် ပင်လယ်ကွေ့မှာသောင်တင်နေတဲ့ သင်္ဘောအစင်းပေါင်း ၁၀၀ ကျော်ရဲ့ ပိတ်ဆို့နေတဲ့ကုန်စည်ကူးသန်းမှုကိုရှင်းလင်းဖို့နဲ့ စက်ရုံတွေဆီ ကုန်ကြမ်းတွေ ပုံမှန်အတိုင်းပြန်ရောက်ဖို့ဆိုတာ အနည်းဆုံး ရက်ပေါင်း ၉၀ ကနေ ၁၈၀ အထိ အချိန်ယူရဦးမှာပါ။ ဒါကြောင့် လတ်တလောမှာ ကုန်ထုတ်လုပ်မှုအတွက် စိတ်အေးသွားရပေမယ့် ကုန်ထုတ်လုပ်မှုပိုင်းက ဆုံးရှုံးမှုတွေနဲ့ နောက်ကျကြေးပေးရတဲ့ အမာရွတ်တွေက စီးပွားရေးစာရင်းဇယားတွေမှာ ရေရှည်ကျန်ရှိနေဦးမှာဖြစ်ပါတယ်။

အဲဒါအပြင် ကုန်ထုတ်လုပ်မှုကွင်းဆက်တွေရဲ့ နောက်ဆက်တွဲပြဿနာအဖြစ် အာရှဒေသတွင်းမှာရှိတဲ့ အဓိကဆိပ်ကမ်းကြီးတွေမှာ ကုန်သေတ္တာတွေစုပုံပိတ်မိတာနဲ့ ကုန်တင်စရိတ်တွေတက်လာတဲ့ဒဏ်ကိုလည်း ခံခဲ့ရပါတယ်။ လောင်စာဆီဈေးတက်လာတာကြောင့် သင်္ဘောလိုင်းတွေက ဆီဖိုးအပိုဆောင်းကြေးတွေ တိုးကောက်ခဲ့ကြပြီး ဒါဟာ ကုန်ထုတ်လုပ်သူတွေအတွက် ကုန်ကျစရိတ်အပေါ် အဆမတန်သက်ရောက်စေခဲ့ပါတယ်။ ရေလက်ကြားပြန်ပွင့်သွားတဲ့အခါမှာလည်း သင်္ဘောတွေ တစ်ပြိုင်နက်တည်း ဆိပ်ကမ်းတွေကို ဦးတည်မောင်းနှင်ကြမှာဖြစ်လို့ ဆိပ်ကမ်းတွေမှာ ကုန်သေတ္တာအတင်အချပြဿနာနဲ့ ပိတ်ဆို့မှုအသစ်တွေ ထပ်ဖြစ်နိုင်ပါသေးတယ်။ ဒီလိုကမောက်ကမတွေကြောင့် ကုန်သည်တွေနဲ့ စက်ရုံပိုင်ရှင်တွေကြားယုံကြည်မှုပျက်ပြားပြီး ရေရှည်စာချုပ်ချုပ်ဆိုမှုထက် ကာလတိုအရောင်းအဝယ်တွေကိုပဲ အားကိုးလာကြတာမို့ ဈေးကွက်မတည်ငြိမ်မှုက ဆက်ရှိနေဦးမှာပါ။

နောက်ထပ် မဖြစ်မနေထည့်သွင်းစဉ်းစားရမယ့် ရေရှည်အမာရွတ်တစ်ခုကတော့ မြင့်တက်သွားတဲ့ ရေကြောင်းအာမခံကြေးနဲ့ ကုန်စည်ကူးသန်းမှုစရိတ်တွေပါပဲ။ စက္ကူပေါ်မှာသာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရလိုက်ပေမယ့် ရေလက်ကြားမှာ ချန်ထားခဲ့နိုင်တဲ့ ရေမြှုပ်မိုင်းအန္တရာယ်တွေနဲ့ စစ်ရေးမတည်ငြိမ်မှုအရိပ်အယောင်တွေက ချက်ချင်းကြီး မပျောက်သွားပါဘူး။ လန်ဒန်အခြေစိုက် ကမ္ဘာ့အာမခံအဖွဲ့အစည်းကြီးတွေကတော့ အဲဒီရေလမ်းကြောင်းကို စစ်ဘေးအန္တရာယ်ဇုန်အဖြစ်ကနေ ချက်ချင်းပယ်ဖျက်ပေးမှာမဟုတ်သလို အာမခံကြေးတွေကိုလည်း ခပ်မြင့်မြင့်ပဲ ဆက်တောင်းနေဦးမှာဖြစ်ပါတယ်၊ ဒါဟာ ပါရှန်းပင်လယ်ကွေ့ကနေ အာရှဆိပ်ကမ်းတွေဆီကို ရောက်လာမယ့် ကုန်စည်တိုင်းရဲ့ရောက်ရှိတန်ဖိုးကို ရေရှည်မြင့်တက်နေစေပြီး အာရှမှစားသုံးသူတွေဆီကို ကုန်ဈေးနှုန်းဝန်ထုပ်ဝန်ပိုးအဖြစ် တိုက်ရိုက်သက်ရောက်နေဦးမှာဖြစ်ပါတယ်။

အဆိုးရွားဆုံးအမာရွတ်ကတော့ မက်ခရိုစီးပွားရေးအခြေအနေတွေအပေါ် ရိုက်ခတ်သွားတဲ့ဒဏ်ရာတွေပါပဲ။ ပြီးခဲ့တဲ့လများအတွင်း လောင်စာဆီဈေးနှုန်းအဆမတန်ခုန်တက်သွားတဲ့အတွက် အာရှဒေသတစ်လွှားမှာ သယ်ယူပို့ဆောင်စရိတ်တွေမြင့်တက်၊ အခြေခံစားသောက်ကုန်ဈေးတွေတက်ပြီး ငွေကြေးဖောင်းပွမှုလှိုင်းလုံးကြီးရိုက်ခတ်လာပါတယ်။ ဒီအခြေအနေကိုထိန်းချုပ်နိုင်ဖို့ အာရှနိုင်ငံအသီးသီးရှိ ဗဟိုဘဏ်တွေဟာ အတိုးနှုန်းတွေကို မဖြစ်မနေမြှင့်တင်ခဲ့ကြရပါတယ်၊ အတိုးနှုန်းတက်လာတဲ့အခါ ပြည်တွင်းမှာရှိတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေ ချေးငွေရယူဖို့ခက်ခဲကုန်ပြီး ရင်းနှီးမြှုပ်နှံမှုအသစ်တွေအားလုံး ရပ်တန့်သွားခဲ့ပါတယ်။ ပြည်သူတွေရဲ့ လက်ထဲမှာလည်း ငွေကြေးတန်ဖိုးကျဆင်းသွားတဲ့အတွက် ဝယ်လိုအားတွေကျုံ့သွားရပါတယ်။ စီးပွားရေးသဘောတရားအရကြည့်မယ်ဆိုရင် ရေနံဈေးနှုန်းက နည်းနည်းပြန်ကျလာနိုင်ပေမယ့် တစ်ခါမြင့်တက်သွားတဲ့ ကုန်ဈေးနှုန်းတွေရဲ့အရှိန်အဟုန်နဲ့ တင်းကျပ်လိုက်တဲ့ ငွေကြေးမူဝါဒတွေကြောင့်ဖြစ်ပေါ်လာတဲ့ စီးပွားရေးတုံ့ဆိုင်းမှုကတော့ နဂိုမူလအခြေအနေကို ချက်ချင်းပြန်မလှည့်နိုင်ဘဲ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှစ်အတော်ကြာတဲ့အထိနောက်ဆွဲထားပါလိမ့်မယ်။

ဒီလို အတိုးနှုန်းအဆမတန်မြင့်တက်လာမှုဟာ အာရှနိုင်ငံတော်တော်များများရဲ့ အိမ်ခြံမြေကဏ္ဍနဲ့ လူနေမှုစရိတ်တွေအပေါ်မှာပါ ရေရှည်သက်ရောက်မှုတွေရှိလာစေပါတယ်။ အိမ်ရာအတွက်ချေးငွေအတိုးနှုန်းတွေကြီးလာတာကြောင့် ပြည်သူတွေရဲ့ နေထိုင်မှုဘဝ ကျပ်တည်းလာပြီး အထွေထွေအသုံးစရိတ်တွေကို လျှော့ချပစ်ခဲ့ကြရပါတယ်။ လုပ်ငန်းအသစ်တွေကိုတိုးချဲ့ဖို့ထက် ရှိပြီးသားလုပ်ငန်းတွေကိုသာဆက်လက်ရပ်တည်နိုင်ဖို့ပဲ လုံးပန်းနေကြရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်ဖန်တီးနိုင်စွမ်းလည်းလျော့ကျသွားခဲ့ရပြီး ဒါဟာရေရှည်မှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးသွားစေမယ့် ဒဏ်ရာတစ်ခုဖြစ်လာပါတယ်။

ဒါ့အပြင် ပါရှန်းပင်လယ်ကွေ့ရှိ စွမ်းအင်ထုတ်လုပ်ရေး အခြေခံအဆောက်အအုံတချို့ ပျက်စီးသွားရတဲ့ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတွေလည်း ရှိနေပါသေးတယ်။ ကာတာနိုင်ငံရဲ့ ကမ္ဘာ့အကြီးဆုံးသဘာဝဓာတ်ငွေ့အရည်ထုတ်လုပ်မှုစနစ်အစိတ်အပိုင်းတချို့ ပျက်စီးမှုကြောင့် ပုံမှန်အခြေအနေအတိုင်း အပြည့်အဝ ပြန်လည်ပတ်နိုင်ဖို့ နှစ်နဲ့ချီကြာအောင် အချိန်ယူပြင်ဆင်ရဦးမယ်လို့ ခန့်မှန်းထားကြပါတယ်။ ဆိုလိုတာက ဟော်မုရေလက်ကြားကြီးပွင့်သွားပေမယ့် ပါရှန်းပင်လယ်ကွေ့ကနေ ကမ္ဘာ့ဈေးကွက်ထဲကိုဖြန့်ချိပေးမယ့် စွမ်းအင်စုစုပေါင်းပမာဏဟာ ပဋိပက္ခမတိုင်ခင်ကထက်သိသိသာသာလျော့နည်းနေဦးမှာဖြစ်ပါတယ်၊ တွက်ချက်မှုတွေအရ ကမ္ဘာ့ရေနံဈေးဟာ အရင်ကလို တစ်စည်ကို ၆၀ သို့မဟုတ် ၇၀ ဒေါ်လာဝန်းကျင်အထိ လုံးဝပြန်မကျနိုင်တော့ဘဲ အနိမ့်ဆုံး ၈၀ ကနေ ၈၅ ဒေါ်လာဝန်းကျင်မှာပဲ ရှိနေဖို့များပါတယ်။ ဒါဟာ စွမ်းအင်အမြောက်အမြားသုံးစွဲနေရတဲ့ အာရှနိုင်ငံတွေအတွက် စွမ်းအင်စရိတ်မြင့်မားနေမှုကို ရေရှည်ရင်ဆိုင်ရမယ့် အမာရွတ်တစ်ခုဖြစ်ပါတယ်။

ဒီတစ်ကြိမ်ကြုံလိုက်ရတဲ့ ဟော်မုရေလက်ကြားအကျပ်အတည်းဟာ အာရှနိုင်ငံတွေကို ပြင်းထန်တဲ့ သင်ခန်းစာတစ်ခုပေးလိုက်တာလည်း ဖြစ်ပါတယ်။ ရေလက်ကြားပြန်ပွင့်သွားပေမယ့် နောင်တစ်ချိန်မှာ ဒီလိုဘေးမျိုးထပ်မကြုံရလေအောင် အာရှနိုင်ငံတွေအနေနဲ့ ပါရှန်းပင်လယ်ကွေ့တစ်ခုတည်းအပေါ် ဗဟိုပြုနေတဲ့ စွမ်းအင်ဝယ်ယူမှုကိုလျှော့ချပြီး ရုရှားလိုမျိုးနေရာတွေကနေ လမ်းကြောင်းခွဲဝယ်ယူဖို့ ပြင်ဆင်လာကြရတော့မှာပါ။ တစ်ပြိုင်နက်တည်းမှာပဲ ရေနံအပေါ်မှီခိုမှုကိုရေရှည်လျှော့ချနိုင်ဖို့ လျှပ်စစ်ကားကဏ္ဍတွေနဲ့ နေရောင်ခြည်၊ လေစွမ်းအင်တို့လို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေဘက်ကို ပိုပြီးအရှိန်မြှင့်ကူးပြောင်းလာကြရပါလိမ့်မယ်။ ပြန်သုံးသပ်ရရင်တော့ ဟော်မုရေလက်ကြားပြန်ပွင့်တာဟာ အသက်ရှူကျပ်နေတဲ့ အာရှစီးပွားရေးအတွက် ကယ်တင်ရှင်ဖြစ်တာကတော့ ငြင်းလို့မရပါဘူး။ သို့သော်လည်း ပြီးခဲ့တဲ့လတွေအတွင်းကဖြစ်ပေါ်သွားခဲ့တဲ့ ငွေကြေးဖောင်းပွမှုအရှိန်၊ မြင့်မားနေဆဲ သယ်ယူပို့ဆောင်မှုစရိတ်တွေနဲ့ ထောက်ပံ့ရေးကွင်းဆက်ပျက်စီးမှုတွေကြောင့် ကျန်ရစ်တဲ့စီးပွားရေးအမာရွတ်တွေကတော့ လာမယ့်နှစ်တွေအထိ အာရှနိုင်ငံတွေရဲ့ ဘဏ္ဍာရေးနဲ့ လူမှုစီးပွားဘဝတွေအပေါ် ဆက်ပြီးအရိပ်မိုးနေဦးမှာဖြစ်ပါတယ်။ ။

**Ref: ST**

**ထက်မြတ်**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လအတွင်းထွက်ရှိလာသော လုပ်ငန်းသုံး ဘေးထွက်ပစ္စည်းသတင်းစာစက္ကူ ရိုက်ပျက်နှင့် လိပ်ခွာပျက်(ဖြူပျက်)(၅.၈၇၅) တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချမည် ဖြစ်ပါသည်-

(က) ရောင်းချမည့်ပစ္စည်း အမျိုးအစားများ - မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ(သာပေါင်း)စက်ရုံထုတ် News print paper Bright 48 gsm
  (၁) ရိုက်ပျက် - ၅.၁၄၅ တန်
  (၂) လိပ်ခွာပျက်(ဖြူပျက်) - ၀.၇၃၀ တန်

(ခ) တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် - ၁၆-၆-၂၀၂၆(အင်္ဂါနေ့)

(ဂ) တင်ဒါပုံစံရောင်းချမည့် နေရာနှင့်တင်သွင်း ရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(ဃ) တင်ဒါနောက်ဆုံးတင်သွင်း ရန်နေ့ရက်နှင့်အချိန် - ၁၅-၇-၂၀၂၆(၁၆:၃၀)နာရီ

(င) တင်ဒါရွေးချယ်မည့်နေ့ရက် - ၁၆-၇-၂၀၂၆

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း - ၂၀၀၀/-

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၅၃၆၃ ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနရုံးဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဒုတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၆-၆-၂၀၂၆)မှ(၂၉-၆-၂၀၂၆) အထိ

(ခ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် - (၁၆-၆-၂၀၂၆)မှ(၂၉-၆-၂၀၂၆) အထိ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ် သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဖုန်း-(၀၅၂-၂၂၂၁၂၁၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ လူနာများအတွက် FDA အသိအမှတ်ပြုဆေးဝါး၊ ဆေးပစ္စည်း၊ ဓာတ်ခွဲ Reagent များ၊ အောက်ဆီဂျင် အရည်နှင့် Basic Consumables များအား ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၆-၂၀၂၆(ဗုဒ္ဓဟူးနေ့)
  တင်ဒါပုံစံနောက်ဆုံးပေးသွင်း ရမည့်နေ့ရက်/အချိန် - ၂၃-၆-၂၀၂၆(အင်္ဂါနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း နိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**တင်ဒါကော်မတီ**
**၀၁-၂၅၆၁၃၁၂ Ext; (၈၀၂)**

## "Chic 'N' Go Co.,Ltd." မတည်ရင်းနှီးငွေလျှော့ချပြီးကြောင်း

ကျွန်တော်တို့ "Chic 'N' Go Co.,Ltd." ၏ (၁၇-၆-၂၀၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သောကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် မတည်ငွေရင်းအား အောက်ပါအတိုင်းလျှော့ချပြီးကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

**ယခင်မတည်ငွေရင်း**
ရင်းနှီးငွေကျပ် ၁၈၀,၀၀၀,၀၀၀/-ကျပ် ၁၀၀၀၀၀/-တန် အစုရှယ်ယာ(၁၈၀၀)စု

**လျှော့ချပြီးယခုမတည်ငွေရင်း**
ရင်းနှီးငွေကျပ် ၁၈,၀၀၀,၀၀၀/-ကျပ် ၁၀၀၀၀/-တန် အစုရှယ်ယာ(၁၈၀၀)စု

**Chic 'N' Go Co., Ltd.**
**09-5192900**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သဋ္ဌေးကုန်းကျေးရွာနေ မညိုညိုဝင်း (ဘ)ဦးညွန့်ဝင်း ၉/ပဗသ(နိုင်)၀၀၁၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၈၇၀၈၅၈၅၁၆**

### ပျောက်ဆုံးကြောင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကြို့သုံးပင်ရပ်ကွက်၊ နယ်မြေ(၁၁)နေ ဇမ်းကျိန် (ဘ)ဦးကျင်ခိုဇမ်း ၁၂/အစန(နိုင်)၂၂၄၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၉၈၃၀၈၀၂**

### ပျောက်ဆုံးကြောင်း
ကျော်ဝင်းနိုင်(ဘ)ဦးစံမရူးဟူဒါး ၁၂/ပဘတ(နိုင်)၀၁၂၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ဇာဇာဝင်း(ဘ)ဦးငယ်လေး ၁၄/ကပန(နိုင်)၂၁၃၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
တင်နွဲ့ရီ(ဘ)ဦးလှအေး ၉/ကပတ(နိုင်)၂၀၀၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
အိဇာလွင်(ဘ)ဦးရန်နိုင်ဦး ၅/တမန(နိုင်)၀၆၅၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### မတည်ရင်းနှီးငွေလျှော့ချခြင်း
My Source Company Ltd မှ မတည်ရင်းနှီးငွေရင်း ကျပ်(၅၀,၀၀၀,၀၀၀)မှ အစုရှယ်ယာတစ်စုလျှင် တစ်သိန်းကျပ်ဖြင့် စုစုပေါင်း အစုရှယ်ယာ(၅၀)စုဖြင့် မတည်ရင်းနှီးငွေ ကျပ်သိန်း(၅,၀၀၀,၀၀၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။
**My Source Company Ltd**

### ပျောက်ဆုံးကြောင်း
ကျော်ဝင်းစိန်(ဘ)ဦးပါ ၇/ထတပ(နိုင်)၀၈၀၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 276786)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နော်ဆွေဆွေသင်း(ဘ)ဦးခင်မောင်ဝင်း ၇/အဖန(နိုင်)၁၁၉၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 312660)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၄၀၄၈၃၁၈၅၇**

### ပျောက်ဆုံးကြောင်း
သက်မွန်စိုး(ဘ)ဦးဌေးလွင်ဝင်း ၁၂/သလန (နိုင်)၁၂၁၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၄၁၅၆၅၁၄**

### ပျောက်ဆုံးကြောင်း
အေးသန္တာစိုး(ဘ)ဦးအရချနား ၁၀/ကထန (နိုင်)၁၈၉၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၉၄၂၃၄၁၈**

### ပျောက်ဆုံးကြောင်း
မောင်မောင်နိုင်(ဘ)ဦးတင်မောင် ၉/မရမ (နိုင်)၀၅၉၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၂၅၀၉၉၄၄**

### မိဘအမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(၄)၊ Grade-3 မှ မခေမီမီကို၏မိဘအမည်မှန်မှာ ဦးကျော်သူ ဝင်း ၃/မဝတ(နိုင်)၀၁၇၂၃၁ နှင့် ဒေါ်ချိုချိုဦး ၃/ဘအန(နိုင်)၁၆၆၉၅၃ ဖြစ်ပါကြောင်း။
**ဦးကျော်သူဝင်း-ဒေါ်ချိုချိုဦး**

### အမည်ပြောင်း
ဘားအံတက္ကသိုလ်၊ ပညာရိပ်သာဝင်း၊ တိုက်အမှတ် 2BC-G 06 နေ အဘ ဦးမြတ်ဆွေ၏သား ဘားအံမြို့၊ အ.ထ.က (၃)၊ Grade-3 မှ မောင်မြတ် မင်းသွင်အား မောင်ဖြိုးမြတ်သွင်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်ဖြိုးမြတ်သွင်**

### ဖခင်အမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(၄)ကျောင်း၊ Grade-8 မှ မနန်းကြယ်စင်ရွှန်းလဲ့၏ဖခင် အမည်မှန်မှာ ဦးစောဘလွင် ၃/ဘအန(နိုင်) ၂၅၀၀၀၅ ဖြစ်ပါကြောင်း။
**ဦးစောဘလွင်**

### မိခင်အမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(ဂျိုင်း)၊ Grade-9 မှနော်ဇာလီနန်း၏မိခင်အမည်မှန်မှာ ဒေါ်သက် စုဇင် ၃/ဘအန(နိုင်)၂၇၀၉၃၀ ဖြစ်ပါကြောင်း။
**ဒေါ်သက်စုဇင်**

### အမည်မှန်
ကျိုက်မရောမြို့နယ်၊ အ.ထ.က ပိန်နဲကုန်းရွာ၊ Grade-8 မှ မလဝန်းချို၊ ကျောင်းဝင်အမှတ်- ၁၁၉၀ ၏ကျောင်းသူအမည်မှန်မှာ မလပြည့် ဝန်း ၁၀/ကမရ(နိုင်)၂၂၆၀၈၅ ဖြစ်ပါကြောင်း။
**မလပြည့်ဝန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပင်းတယမြို့နယ်၊ အ.မ.က(ဖောင်းပြား) ကျောင်း Grade-3 မှ အဘ ဦးဒေဝါရာဂျ် ၁၃/ ပတယ(ပြု)၀၀၀၄၄၈ ၏သမီး မပါရူး(ခ) မပါရိဘာသီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မပါရူး(ခ)မပါရိဘာသီး**

### ပျောက်ဆုံးကြောင်း
နန်းနွေးနွေးအောင်(ဘ)ဦးတင်မြင့် ၃/ဘအန (နိုင်)၃၂၆၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MK 544646)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### အမည်ပြောင်း
ပင်းတယမြို့နယ်၊ အ.မ.က(ဖောင်းပြား) ကျောင်း၊ Grade-4 မှ အဘ ဦးBHIM ၏သား မောင်သူရိန်မိုးအား မောင်ကျော်ဇေယျဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ကျော်ဇေယျ

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပင်းတယမြို့နယ်၊ ဖောင်းပြားကျေးရွာနေ ဦးနေသူမိုး(ခ)ဦးBHIM ၁၃/ပတယ(ပြု) ၀၀၀၃၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးနေသူမိုး(ခ)ဦးBHIM**

### ပျောက်ဆုံးကြောင်း
အေးအေးသွယ်(ဘ)ဦးသိန်းစံ ၉/တသန(နိုင်) ၁၁၈၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၇၆၉၁၁၅၇**

### မွေးသက္ကရာဇ်အမှန်
လယ်ဝေးမြို့၊ အ.လ.က(ခွဲ)ဂုံးတောင်မှ အထွေထွေလုပ်သား ဒေါ်နွယ်နွယ်အောင် (ဘ)ဦးအေး ၉/လဝန(နိုင်)၀၀၅၀၃၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၅-၁၉၆၈ ဖြစ်ပါ ကြောင်း။ **၁၃-၅-၁၉၆၈**

### ပျောက်ဆုံးကြောင်း
နန်းမွေဖောင်း(ဘ)ဦးလုံးစုံနွလ(ခ)ဦးစိုင်းထက် ၁၃/ကလဒ(နိုင်)၀၀၈၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MH 050255)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၄၄၉၇၆၁၃၇၇**

### ဖခင်အမည်မှန်
ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၆)ကျိုင်းတုံ ကျောင်း Grade-3 မှ မောင်ဇော်လင်းထက်နိုင် ၏ဖခင်အမည်မှန်မှာ ဦးဟိန်းအောင်ကျော် ၇/ကတခ(နိုင်)၀၉၀၃၇၇ ဖြစ်ပါကြောင်း။
**ဦးဟိန်းအောင်ကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဆည်လည်အုပ်စု၊ ဆည်လည်ရှေ့ကျေးရွာနေ ဦးဇော်ခိုင်နှင့် ဝင်းခိုင် ၈/တတက(နိုင်)၁၃၀၆၁၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်ခိုင်(ခ)ဝင်းခိုင်**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၂) Grade-6 မှ ပညာသင်ကြားနေ သော မဝင်းမာထွေး၏ဖခင်အမည်မှန်မှာ ဦးရွှေတိုး ၈/ပမန(နိုင်)၁၄၁၄၁၇ ဖြစ်ပါ ကြောင်း။ **ဦးရွှေတိုး**

### ပျောက်ဆုံးကြောင်း
စိုင်းအောင်မျိုးသိန်း(ဘ)ဦးယွန်းထွန်း ၉/ အမဇ(နိုင်)၀၃၂၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 575582)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၂) Grade-12 မှ ပညာသင်ကြားနေ သော မမျိုးမျိုးခိုင်၏ဖခင်အမည်မှန်မှာ ဦးရွှေတိုး ၈/ပမန(နိုင်)၁၄၁၄၁၇ ဖြစ်ပါ ကြောင်း။ **ဦးရွှေတိုး**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၂) Grade-6 မှ ပညာသင်ကြားနေ သော မဝင်းမာအေး၏ဖခင်အမည်မှန်မှာ ဦးရွှေတိုး ၈/ပမန(နိုင်)၁၄၁၄၁၇ ဖြစ်ပါ ကြောင်း။ **ဦးရွှေတိုး**

### မိခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-7 မှ မောင်ညီသုတ၏မိခင်အမည်မှန်မှာ ဒေါ်စုမွန် ၁၀/သထန(နိုင်)၁၀၉၀၉၇ ဖြစ်ပါကြောင်း။
**ဒေါ်စုမွန်**

### မိခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-7 မှ မောင်အောင်မျိုးထွန်း၏မိခင်အမည်မှန်မှာ ဒေါ်စိုးစန္ဒာဦး ၁၀/သထန(နိုင်)၁၇၈၆၂၉ ဖြစ်ပါ ကြောင်း။ **ဒေါ်စိုးစန္ဒာဦး**

### မိခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-6 မှ မဝသနိမိုး၏မိခင်အမည်မှန်မှာ ဒေါ်ဆောင်း နှင်းအေး ၁၀/သထန(နိုင်)၂၅၅၃၈၄ ဖြစ်ပါ ကြောင်း။ **ဒေါ်ဆောင်းနှင်းအေး**

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အ.မ.က(လွန်)မင်းတဲစု Grade-7 မှ မမြတ်လွန်းသာ၏ဖခင်အမည် မှန်မှာ မင်းနောင်နောင်ဦး ၁၀/သထန(နိုင်) ၁၅၆၆၉၄ ဖြစ်ပါကြောင်း။ **မင်းနောင်နောင်ဦး**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁) Grade-9 တွင် ပညာသင်ကြားနေသော အဘ ဦးရဲမြင့်၏သမီး မတင်မာဝင်း၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ခ-၆၇၀၃ အရ မစုမွန်ထွေး ဖြစ်ပါကြောင်း။ **မစုမွန်ထွေး**

### ပျောက်ဆုံးကြောင်း
ညီညီနိုင်(ဘ)ဦးမောင်လှ ၁၀/မလမ(နိုင်) ၁၃၄၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၅၁၈၈၄**

### ပျောက်ဆုံးကြောင်း
အေးအေးကြူ(ဘ)ဦးမြင့် ၁၂/မရက(နိုင်) ၀၆၅၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၂၄၀၀၃၇၈**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ နတ်မောက် မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ အောင်သာကျေးရွာနေ ဦးအောင် သူခိုင် ၈/နမန(နိုင်)၁၄၅၄၄၂ ၏ဖခင် ဦးမောင်အေးနှင့် ဦးမင်းနိုင် ၈/နမန(နိုင်) ၀၂၁၆၉၁ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။ **ဦးမောင်အေး(ခ)ဦးမင်းနိုင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အ.ထ.က(၂) Grade-10 တွင် ပညာသင်ကြားနေသော မောင်ဝေယံထွန်း၏ဖခင် ဦးမောင်ထွန်း၏အမည် မှန်မှာ ၈/ရစက(နိုင်)၁၅၃၄၀၆ အရ ဦးနေလင်း ထွန်းဖြစ်ပါကြောင်း။ **ဦးနေလင်းထွန်း**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁) တွင် နဝမတန်းအထိ ပညာသင်ခဲ့သော အဘ ဦးဇော် နိုင်၏သမီး ကျောင်းဝင်အမှတ် ခ-၄၂၁၉ မအေးမြတ် သူဇာ၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မအေးမြတ်သူဖြစ်ပါကြောင်း။ **မအေးမြတ်သူ**

### ပျောက်ဆုံးကြောင်း
သန်းသန်းထွေး(ဘ)ဦးသန်းမောင် ၁၂/မဘန (နိုင်)၀၂၄၃၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၂၀၀၅၉၆**

### ပျောက်ဆုံးကြောင်း
အေးငြိမ်းဝင်း(ဘ)ဦးအောင်ကျော်ဝင်း ၉/ ပမန(နိုင်)၁၈၄၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD 361835)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၇၆၃၉၀၆၅၁၄**

### ပျောက်ဆုံးကြောင်း
ခင်လေးယု(ဘ)ဦးလှတင် ၁၂/ကမရ(နိုင်) ၀၀၄၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၇၄၅၄၉၀၂၄**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

### ပျောက်ဆုံးကြောင်း
တင့်တင့်ထွန်း(ဘ)ဦးအိုက်ငင်း ၁၃/နမတ(နိုင်)၀၆၃၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၂၈၃၀၂**


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးစဉ်။


**နေပြည်တော် ဇွန် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကိုစတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် **စာမျက်နှာ ၅ ကော်လံ ၁ ➲**

## ရေဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင်းအမှတ်(၂၂)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး တိုးချဲ့သေနတ်ဖောက်ယူခဲ့ရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ



**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန်အတွက် လိုအပ်လျက်ရှိသော ရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို တိုးတက်ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအောက်ပိုင်း ရေဝတီတိုင်းဒေသကြီးအတွင်း ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို မအူပင်(တောင်)ဒေသနှင့် စကြေ့ာဒေသတို့တွင် ဆောင်ရွက်ခြင်း၊ ရေဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မအူပင်၊ ညောင်တုန်းနှင့်အဖျောက်ရေနံမြေတို့တွင်ပါးလွှာသဲကြောများအား သုတေသနပြု၍ တိုးချဲ့သေနတ်ဖောက်ခြင်းများကို **စာမျက်နှာ ၁၄ ကော်လံ ၁ ❐**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress - NPC) ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

စာ - ၆ သို့

---

**ဆောင်းပါး**

## နိုင်ငံ့အရေး ရည်သန်တွေးလို့ မိုင်တွေမည်မျှဝေးပါစေ

စာ - ၂၇ သို့